မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၄၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကူဝိတ်နိုင်ငံ အကြီးအကဲထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင်ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကူဝိတ်နိုင်ငံ အကြီးအကဲ ရှိတ် ဆာဘား အယ် အာမက်အယ်ဂျာဘား အယ် ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နန်းချို့ရေအားလျှပ်စစ်စီမံကိန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နန်းချိုရေအားလျှပ်စစ်စီမံကိန်းဧရိယာအတွင်း လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တီထွင်ကြံဆမှု၊ အားထုတ်ကြိုးပမ်းလုပ်ကိုင်မှု၊ စိတ်စေတနာခံယူချက်မှန်ကန်မှုတို့ကြောင့် စီမံကိန်းလုပ်ငန်းများမှာ မူလတွက်ချက်မျှော်မှန်းသည်ထက် အချိန်စောရှိပြီးစီးသွားနိုင် အချိန်စောပြီးစီးအောင် နည်းစနစ်ကောင်းများ တီထွင်ကြံဆ ရှာဖွေအားထုတ်လုပ်ကိုင် တစ်ပြိုင်တည်းလုပ်ကိုင်ဆောင်ရွက်သည့်နည်းလမ်းဖြင့် ဖိဖိစီးစီးကြိုးစားဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၊ နန်းချို ရေအားလျှပ်စစ်စီမံကိန်းနှင့် သာဂရ စက်မှုနယ်မြေစီမံကိန်း လုပ်ငန်းများကို ယနေ့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

__ရောက်ရှိ__

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊

စာမျက်နှာ ၈ ကော်လံ ၁ ●

တည်ဆောက်ဆဲ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

မီးဘေးအန္တရာယ် ကင်းဝေးစေရေး ကြိုတင်ကာကွယ်မှုများ အလေးပေးဆောင်ရွက်

နွေဥတုသည် ပူပြင်းခြောက်သွေ့သော ကာလဖြစ်၍ မီးလောင်မှုအဖြစ်များလေ့ရှိသည်။

မီးလောင်မှုများကို လေ့လာကြည့်ရာတွင် ၈၂ရာခိုင်နှုန်းကျော်သည် ပေါ့ဆမှုကြောင့် ဖြစ်ပွားရခြင်း ဖြစ်သည်။ မီးလောင်ခြင်းကြောင့် နှစ်စဉ်ကျပ်သန်းပေါင်းများစွာဆုံးရှုံးနစ်နာရသည်။

မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်သည်။ ထို့ကြောင့် မီးကို အသုံးပြုလျှင် သတိထားကြရမည် ဖြစ်သည်။

တစ်နေ့တခြား တိုးတက်များပြားလာသော လူဦးရေနှင့် လူနေမှုအဆင့်အတန်းမြင့်မားမှုကြောင့် လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ ပိုမိုသုံးစွဲလာကြရာ စနစ်တကျ အသုံးပြုကြရန်လိုပေသည်။

အချိန်ယူတည်ဆောက်ထားရသော စီးပွားရေး၊ လူမှုရေး၊ အခြေခံအဆောက်အအုံများ၊ လူနေအိမ်များ၊ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များသည် မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးပါက နိုင်ငံတော်အတွက် များစွာနစ်နာရပေသည်။

ထို့ကြောင့် ပြည်သူတစ်ရပ်လုံးက မီးလောင်မှုကိုသာမန်သဘောမျိုး၊ လူ့အဖွဲ့အစည်းအတွင်း ဖြစ်တတ်သော သဘောမျိုးမယူဆဘဲ နိုင်ငံတော်နှင့် ပြည်သူတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက် ဖျက်ဆီးနေသည့် ဘေးအန္တရာယ်အဖြစ် သတိပြု တားဆီးကာကွယ်သွားကြရမည် ဖြစ်သည်။

မီးဘေးအန္တရာယ် ကင်းဝေးစေရေးတွင် ကြိုတင်ကာကွယ်မှုသည် အရေးပါလျက်ရှိရာ မိမိတို့အိမ်၌ တစ်ယောက်မျှ မကျန်ခဲ့လျှင် မီးမှန်သမျှစစ်ဆေးပြီးမှ သွားလာကြရန်လည်း လိုပေသည်။

သို့ဖြစ်ရာ **“ယနေ့မီးဘေးကြိုတင်ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေး ဖြစ်သည်”** ဟူသော ဆောင်ပုဒ်နှင့်အညီ မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် ပြည်သူများအပိုင်းက ကြိုတင် ကာကွယ်မှုလုပ်ငန်းများ အလေးပေးလိုက်နာဆောင်ရွက်ခြင်းဖြင့် မီးဘေးအန္တရာယ်မှ ကင်းဝေးကြမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၂-၂၀၀၇
(တနင်္ဂနွေနေ့)

၇း၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇း၀၅ အချိန်တိုင်းတွေးနေရင်း ဘဝပြောင်းနေသည်တရားတော် (အပိုင်း-၁) [အရှင်ဇေယျပဏ္ဍိတ (ပိုင်းလော့) ဆရာတော်]
၈း၀၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (လန်ဒန်မြေပဲယို)
၈း၃၅ တေးဂီတအစီအစဉ်
၈း၄၀ Sunday Talk [ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)]
၉း၃၀ တေးဂီတအစီအစဉ်
၉း၃၅ ဖူးမြော်စေချင်သည် မဇ္ဈိမဒေသတစ်ခွင်
၁၀း၁၅ ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၅ နိုင်ငံတကာအနုပညာရေးရာ
၁၀း၅၅ တေးဂီတအစီအစဉ်
၁၁း၀၀ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ် ပျော်ပွဲရွှင်ပွဲနှင့် အထူးဈေးရောင်းပွဲတော်အကြို
၁၁း၁၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀ မိသားစု တနင်္ဂနွေ (ဒေးစွန်ပါစေတီတော်)
၁၁း၅၀ တေးဂီတအစီအစဉ်
၁၁း၅၅ ရေကောင်းရေသန့် ပေးဝေမည် ရန်ကုန်မြို့နေ ပြည်သူတွေဆီ
၁၂း၁၅ မိုးလေဝသခန့်မှန်းချက်
၁၂း၂၀ ပြည်တွင်းသတင်းအကျဉ်း
၁၂း၃၀ ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
၁၂း၅၀ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၅၅ တေးဂီတအစီအစဉ်
၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၃၀	ပွဲကြိုသုံးသပ်ချက်(၁)	5-Sports
၇း၀၀	ပွဲကြိုသုံးသပ်ချက်(၂)	5-Sports (Live)
၇း၂၅	Wigan-Newcastle	5-Sports (Live)
၉း၂၄	Blackburn-Portsmouth	5-Series (Live)
၉း၃၀	Tottenham-Bolton	5-Series (Live)

Serie A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	AC Milan-Sampdoria	5-Sports (Live)

နေပြည်တော်နှင့် ပြည်နယ်နှင့်တိုင်းမြို့များ တိုက်ရိုက်ဆက်ကြောင်းဖွင့်လှစ် ဆက်သွယ်မှု လျင်မြန်လွယ်ကူစေရေး စီစဉ်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းက လယ်ဝေးမြို့ အော်တိုတယ်လီဖုန်းအိတ်ချိန်းစခန်းသို့ ရောက်ရှိရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းတာဝန်ရှိသူက အိတ်ချိန်းစက်ပစ္စည်းများ တပ်ဆင်ထားရှိမှု အခြေအနေနှင့် လယ်ဝေးမြို့နယ်တွင် တယ်လီဖုန်းများ ဆက်သွယ်ပေးနိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက အော်တိုအိတ်ချိန်း စက်ပစ္စည်းများကို ကြည့်ရှု စစ်ဆေးပြီး အော်တိုတယ်လီဖုန်းလိုင်းများ ထပ်မံတိုးချဲ့ တပ်ဆင်ပေးနိုင်ရေးကို စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပျဉ်းမနားမြို့ အော်တိုတယ်လီဖုန်း အိတ်ချိန်းသို့ ရောက်ရှိပြီး စက်ပစ္စည်းများ တပ်ဆင်ထားရှိမှု အဝေးဆက်သွယ်မှုအတွက် ဆက်ကြောင်းများ ဆက်သွယ်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်နှင့် ပြည်နယ်နှင့် တိုင်း မြို့များအားလုံး တိုက်ရိုက်ဆက်ကြောင်းများဖွင့်လှစ်ပြီး ဆက်သွယ်မှု လျင်မြန်လွယ်ကူစေရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို စစ်ဆေးသည်။

မှာကြားဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီးသည် ရေဆင်း အော်တိုအိတ်ချိန်းသို့ရောက်ရှိပြီး အော်တိုအိတ်ချိန်းစက်ပစ္စည်းများ တပ်ဆင်ထားမှုနှင့် တယ်လီဖုန်းအခွန်တောင်းခံငွေ ကောက်ခံသည့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အဝေးပြေးကားဂိတ်သို့ ရောက်ရှိပြီး အဝေးပြေးကားဂိတ်၌ တယ်လီဖုန်းများ တပ်ဆင်ပေးရန် စီစဉ်ထားသည့်အခြေအနေနှင့် အော်တိုအိတ်ချိန်း တပ်ဆင်ရန် တည်ဆောက်ပြီးစီးနေသည့် အော်တို တယ်လီဖုန်းအဆောက်အအုံတို့ကိုကြည့်ရှုစစ်ဆေးပြီး PAC (Public Access Center)နှင့်စာတိုက်လုပ်ငန်းများဖွင့်လှစ်ဆောင်ရွက်ပေးရေးကို စီစဉ်ဆောင်ရွက်ရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၅-၂-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **တတိယမြောက် တိုက်ဆိုင်မှု**
၁၃း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၄၀ ၆။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀ ၈။ သံစဉ်များနှင့် ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၃။ လျှပ်တစ်ပြက်
၆း၄၅ ၁၄။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း-၂၄)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ English Premier League ဘောလုံးပွဲ Tottenham Hotspur Vs Bolton Wanderers

သဲအင်းဂူ ခုနစ်ရက် တရားစခန်း ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် အမှတ်(၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလ သဲအင်းဂူဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ဝဏ္ဏဝံသ(မိဂလုံ)ဆရာတော်က ခန္ဓာကိုယ်တွေ့သမထဝိပဿနာ တရားတော်များကို မတ်၂ ရက်မှ ၈ရက်အထိ အဓိဋ္ဌာန် ခုနစ်ရက် တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်သူများအား အကျိုးတော်ဆောင်အဖွဲ့က အခမဲ့အာဟာရဒါန ကျွေးမွေးလှူဒါန်းမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ မတ်၁ရက် ညနေအရောက် လာရောက်ကြရန် နိုးဆော်ထားသည်။ **(က-ပ)**

ရန်ကုန်မြို့ လှိုင်မြို့နယ် (၈)ရပ်ကွက် ဦးချိုလမ်းနေ မိဘနှစ်ပါးနှင့် ခင်ပွန်းအားရည်စူး၍ ဒေါ်ကြင်မွှေးမိသားစုတို့က ဆွမ်းနှင့် ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဇေကူနဝီသတိမ(၁၉)ကြိမ်မြောက် အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဇေကူနဝီသတိမ(၁၉)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

တက်ရောက်ကြည်ညို

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့်ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင် မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိ စာသင်တိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကိတ္တိက ဆောင်ရွက်တော်မူသည်။

ဖတ်ကြားလျှောက်ထား

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသည့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး စတင်ကြောင်း ကြေညာတော်မူသည်။

ထို့နောက် ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားချက်များနှင့် စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် စစ်ကိုင်းတိုင်း ကသာမြို့နယ် ထုံးကြီးကျောင်း ဆရာတော် ဒွိပိဋကဓရဘဒ္ဒန္တနိမလကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ငွေကြာယံပရိယတ္တိ စာသင်တိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ရေဝတကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန် စာသင်တိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတဘဒ္ဒန္တအဂ္ဂဝံသကလည်းကောင်း ဝေဖန် ဆွေးနွေးတော်မူကြပြီး အစည်းအဝေး ခေတ္တရပ်နားသည်။

အတည်ပြုချက်ရယူ

အစည်းအဝေးကို မွန်းလွဲ၁နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များက အကြံပြုတင်ပြလာသော ကိစ္စများနှင့် ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမ အစည်းအဝေး၊ ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးနှင့် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီပထမအစည်းအဝေး အစီအစဉ်များကို အတည်ပြုချက်ရယူရန် ကိစ္စတို့နှင့် စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များက ဆွေးနွေးဆုံးဖြတ် အတည်ပြုချက် ရယူတော်မူကြသည်။

ဆက်လက်၍ ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယက (ပထမအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ရက် (၁၆–၁၁–၂၀၀၆ ရက်) ကြာသပတေးနေ့မှစ၍ ယနေ့အထိ တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကိတ္တိက ပြန်လည်ရှင်းလင်းလျှောက်ထား၍ အစည်းအဝေး၏ အတည်ပြုချက် ရယူသည်။

ဆွေးနွေးဆုံးဖြတ်

ယင်းနောက် ပဌမအကြိမ် သတ္တရသမ (လေးလပတ်)နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးများ ရွေးချယ်လျာထား အတည်ပြု ပင့်ဆောင်ရန်ကိစ္စနှင့် အထွေထွေ ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များက "ဇယန္တော ဗောဓိယာ မူလေ" အစချီနိဂါထာကို သုံးကြိမ် ရွတ်ဆိုတော်မူပြီးနောက် သာဓုသုံးကြိမ် ခေါ်ဆိုကြလျက် ပဌမအကြိမ်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါး စုံညီ ဇေကူနဝီသတိမ အစည်းအဝေး ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ ဇေကူနဝီသတိမ (၁၉)ကြိမ်မြောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များအား ယနေ့တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်းနေ ဦးဝင်းနိုင်–ဒေါ်စန်းစန်းနိုင် မိသားစုကအရုဏ်ဆွမ်းကိုလည်းကောင်း၊ ရန်ကုန်မြို့ လှိုင်မြို့နယ် ကန်ရိပ်မွန် အိမ်ရာနေ (ဦးစံသာကျော်) – ဒေါ်ခင်လေးချစ် မိသားစုက နေ့ဆွမ်းကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

(၄၇)ပါးစုံညီ အစည်းအဝေး

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ ဇေကူနဝီသတိမ (၁၉)ကြိမ်မြောက် အစည်းအဝေးကို ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကူဝိတ်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကူဝိတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ရှိတ်မူဟာမက် ဆားဘား၊ အယ်ဆယ်လမ်၊ အယ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြန်မာ့ပုလဲရောင်းချပွဲ–၂၀၀၇ နောက်ဆုံးနေ့ရောင်းချ ကုန်သည်များက ပုလဲအတွဲပေါင်း ၁၁၈ တွဲကို ဝယ်ယူသွား

ရန်ကုန် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်ဝင်ငွေ တိုးတက်ရရှိနိုင်ရေး ရည်ရွယ်ချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ "မြန်မာ့ပုလဲရောင်းချပွဲ–၂၀၀၇" ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဒူးဇစ်အင်းလျားလိတ်ဟိုတယ်၌ နောက်ဆုံးနေ့အဖြစ် ဆက်လက်ရောင်းချသည်။

တက်ရောက်ဝယ်ယူ

အဆိုပါ "မြန်မာ့ပုလဲရောင်းချပွဲ–၂၀၀၇" တွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းပိုင်ပုလဲများနှင့် နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း ထုတ်လုပ်လျက်ရှိသော နိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များပိုင် ပုလဲများ အပါအဝင် စုစုပေါင်း ပုလဲအတွဲ ၅၁၅တွဲ၊ ပုလဲလုံးရေ ၉၄၃၁၉လုံး၊ အလေးချိန် ၅၆၁၈၈ဒသမ ၅၅မိုမီပြသရောင်းချခဲ့ရာ ပြည်ပနိုင်ငံ ပုလဲကုမ္ပဏီများမှ ပုလဲကုန်သည်ပေါင်း ၃၀ ကျော် တက်ရောက်ဝယ်ယူကြသည်။

မြန်မာ့ပုလဲရောင်းချပွဲ–၂၀၀၇တွင် ပြည်ပနိုင်ငံ ပုလဲကုမ္ပဏီများမှ ပုလဲကုန်သည်များသည် နံနက် ၉နာရီမှ ညနေ ၃ နာရီအထိ ပုလဲအတွဲများကို ကြည့်ရှုလေ့လာကြရာ ပုလဲရောင်းချရေးဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် ဗဟိုကော်မတီအဖွဲ့ဝင်များက ပုလဲကုန်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး မြန်မာ့ပုလဲရောင်းချပွဲကို ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

၁၁၈တွဲ

မြန်မာ့ပုလဲရောင်းချပွဲ ယနေ့နောက်ဆုံးနေ့တွင် ပုလဲကုန်သည်များက ပုလဲအတွဲပေါင်း ၁၁၈ ကို ဝယ်ယူအားပေးကြသည်။

ညနေပိုင်းတွင် ပုလဲရောင်းချရေးဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးက မြန်မာ့ပုလဲရောင်းချပွဲ–၂၀၀၇ တွင် အများဆုံးအားပေးဝယ်ယူခဲ့သော ဟောင်ကောင် Rio Pearl Co. မှ Mr. Johny Cheng အား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။ (သတင်းစဉ်)

ခုနစ်ရက်အဓိဋ္ဌာန် တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ထေရဝါဒ ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး (သန့်–တည်–ပွား)အဖွဲ့မှ ခုနစ်ရက်အဓိဋ္ဌာန် တရားစခန်းပွဲကို လစဉ်အင်္ဂလိပ်လဆန်း ၁ ရက်မှ ၇ ရက်အထိလည်းကောင်း၊ နွေရာသီ မြင့်မြတ်ပုဂ္ဂိုလ်သင်တန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၂၆ ရက်မှ စ၍လည်းကောင်း အမှတ် ၃၂ (စီ–၂) ဖမိုင်ခွဲ ပြည်လမ်း လှိုင်မြို့နယ် ဖုန်း–၀၁–၅၃၅၃၂၆တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကြိုတင်စာရင်းပေးသွင်းနိုင်သည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၂၅–၂–၂၀၀၇ ရက်
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅ ၆။ အဆိုပြိုင်ပွဲ
၈း၁၀ ၇။ မရမ်းကုန်းရေထိန်းတံခါး
၈း၂၀ ၈။ အကပြိုင်ပွဲ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Say it in English

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၁း၄၀ ၄။ Yan Can Cook
၁၁း၅၅ ၅။ မြန်မာရုပ်ရှင် **"ပန်းမြို့တော်သို့ ခြေလှမ်းသုံးဆယ်"** ဝင်းဦး၊ ကျော်စွာဝင်း၊ ချိုပြုံး (ဒါရိုက်တာ–တက္ကသိုလ် ကိုကိုလေးနှင့် မန္တလေးတင်ထွန်း)
၁၃း၃၀ ၆။ နိုင်ငံအဝန်းလွှမ်းမိုးစေချင် ITပြောပြပွဲအစီအစဉ်
၁၃း၄၅ ၇။ တေးဂီတအစီအစဉ်
၁၃း၅၅ ၈။ အတီးပြိုင်ပွဲ
၁၄း၀၅ ၉။ **"ပြေးပြေးလွှားလွှား သွားသွားလာလာ"** မောင်မောင်မြင့်၊ မအေးမြင့်၊ စိန်ဂွက်ထော်၊ မောင်မောင်မျိုးသန့် (ဒါရိုက်တာ–မောင်မောင်မြင့်)
၁၄း၁၅ ၁၀။ လက်ဆင့်ကမ်းပေး ဂီတတေး
၁၄း၂၅ ၁၁။ အကပြိုင်ပွဲ
၁၄း၃၅ ၁၂။ ကူးလူးဆက်သွယ် ချစ်ကြိုးနွယ် (ကရင်၊ မွန်)
၁၄း၄၅ ၁၃။ International News

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) [ဓာတုဗေဒ]
၁၇း၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၁၅ ၆။ အကပြိုင်ပွဲ
၁၇း၂၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈း၀၀ ၈။ ညနေခင်းသတင်း
၁၈း၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၀။ သီရိဂေဟာ
၁၉း၀၅ ၁၁။ တွေ့ဆုံဆွေးနွေးရေး တွေ့ဆုံဆွေးနွေးရေးဟုဆိုကာ (အပိုင်း–၆)
၁၉း၁၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သမားတော်"** (အပိုင်း–၅)
၂၀း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လှပသောနေ့ရက်များ"** (အပိုင်း–၂၈)

သဲအင်းဂူ သင်္ကြန်အထူး အဓိဋ္ဌာန် ခုနစ်ရက်တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

တောင်ဥက္ကလာပမြို့နယ် အမှတ် ၆ဝိုင်း သဲအင်းဂူ ဝိပဿနာရိပ်သာ ရတနာမာန်အောင်ကျောင်း၌ ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူ သာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာန ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြုဓမ္မကထိက ဆရာတော် ဘဒ္ဒန္တ မုနိန္ဒ(ကျိုက်ဝိုင်း)နှင့် ရတနာမာန်အောင်ကျောင်း ဆရာတော် ဘဒ္ဒန္တ ဝိရိယ ဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဘဒ္ဒန္တ စိန္တာမယ(ရွှေပြည်ဆိုင်ဆရာတော်) အရှင်သူမြတ်တို့က မူလ သဲအင်းဂူ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဧပြီ ၁၃ ရက်မှ ၁၉ ရက်အထိ သင်္ကြန် အထူးအဓိဋ္ဌာန် ခုနစ်ရက်စခန်း ဖွင့်လှစ်ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ကြိုတင်၍ စာရင်းသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာ ကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကင်းစင်တာနှင့် ဗဟိုဘဏ်ကြားရှိ မြန်မာနိုင်ငံဘဏ်များအသင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ကိုမောင်မောင်ဦး ဖုန်း–၀၉–၅၁၄၉၈၇၇၊ ကိုမျိုးသန်းထွန်း ဖုန်း–၀၉–၀၈–၂၀၀၁၃၊ ကိုစိုးကိုကို ဖုန်း–၀၉–၅၁၈၁၁၄၃၊ မမြတ်သဥ္ဇာဝင်း ဖုန်း–၇၂၁၄၈၈၊ မထားအိဝင်း ဖုန်း–၅၂၆၆၂၃၊ မသူဇာဝင်း ဖုန်း–၂၄၃၂၆၇၊ ၅၄၀၃၂၆၊ မမျိုးမြတ်မွန် ဖုန်း–၃၈၁၇၃၃ နှင့် မကြည်ကြည်သန့် ဖုန်း–၀၉–၅၁၈၁၅၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလအတွက် နောက်ဆုံးပတ်တနင်္ဂနွေနေ့

(၂၅–၂–၂၀၀၇)ရက်နေ့ ဖြစ်ပြီး

၂၀၀၇ မတ်လအတွက်

(၁၁–၃–၂၀၀၇)ရက်နေ့ နှင့် (၂၅–၃–၂၀၀၇)ရက်နေ့

အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီ အိမ်ပြန် အီရတ်မှတပ်ဖွဲ့ဝင်များ အမြန်ပြန်ရုပ်သိမ်း ဩစတြေးလျနိုင်ငံ ဆစ်ဒနီ၌ စစ်ဆန့်ကျင်ရေးဆန္ဒပြ

ဆစ်ဒနီ ဖေဖော်ဝါရီ ၂၄

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီ မလာရောက်မီ အီရတ်စစ်ပွဲဆန့်ကျင် ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်တို့ ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့သည်။

တောင်းဆို

ထိုသို့ ပြဿနာဖြစ်ပွားမှုမှာ ဖေဖော်ဝါရီ ၂၂ရက်က ဖြစ်ပြီး စစ်ပွဲဆန့်ကျင် ဆန္ဒပြသူများက ဆစ်ဒနီမြို့တွင် လှည့်လည်ကာ အီရတ်သို့ ရောက်ရှိနေသော ဩစတြေးလျ တပ်ဖွဲ့ဝင်များ ပြန်ရုပ်သိမ်းရန် တောင်းဆို ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြသူများက ဒစ်ချေနီပြန်သွား၊ ပူးပေါင်း လူသတ်နေသူများဟု ကြွေးကြော်ကာ စစ်ပွဲဆန့်ကျင်ရေး ပိုစတာများကိုင်ဆောင်ကာ ဆန္ဒပြခဲ့ကြသည်။ **(ယာပုံ)**

ဆန္ဒပြ

ဆန္ဒပြသူများသည် ဩစတြေးလျရှိ အမေရိကန်သံရုံးဘက်သို့ ချီတက်ဆန္ဒပြခဲ့ကြပြီး ဆန္ဒပြသူများအနေဖြင့် အီရတ်စစ်ပွဲနှင့် အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီ လာရောက်မှုကို ဆက်လက်ဆန္ဒပြကြမည်ဖြစ်သည်။

ရောက်ရှိ

အမေရိကန်ဒုတိယသမ္မတဒစ်ချေနီသည် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့သို့ ဆန္ဒပြမှုဖြစ်ပွားပြီးနောက် နာရီအနည်းငယ်ကြာတွင် ရောက်ရှိလာခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဗန်ကောက်၌ တိုက်ခိုက်မှုများရှိလာနိုင်ဟု သတိပေး

ဗန်ကောက် ဖေဖော်ဝါရီ ၂၄

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် အကြမ်းဖက် တိုက်ခိုက်မှုများ ရှိလာနိုင်ကြောင်း စာတစ်စောင်ဖြန့်ဝေထားသည်ကို တွေ့ရှိခဲ့ပြီးနောက် ဗန်ကောက်မြို့တော်ဝန် အပီရက်ကိုဆာယုဒ်ဟင်က ခရိုင်၅၀ရှိ ညွှန်ကြားရေးမှူးများအား သတိပေး ပြောကြားလိုက်သည်။

ယင်းစာကို ဗန်ကောက်ပို့စ် ဝက်ဘ်ဆိုက်တွင် ထုတ်လွှင့်ထားကြောင်း၊ ရဲနှင့်စစ်သားများအနေဖြင့် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကို တားဆီးရမည်ဖြစ်ကြောင်း အထူးသဖြင့် လူစည်ကားရာနေရာများ၊ စတိုးဆိုင်များ၊ မိုးပျံရထားများနှင့် မြေအောက်ဘူတာများတွင် ဂရုစိုက် ကာကွယ်သွားရမည်ဖြစ်ကြောင်း အပီရက်က အဆိုပါ ညွှန်ကြားရေးမှူးများအား ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

မလေးရှား၌ ငှက်ပျောတုံးမှ စက္ကူထုတ်လုပ်နိုင်ပြီ

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၄

မလေးရှားသိပ္ပံတက္ကသိုလ်(ယူအက်စ်အမ်)က ငှက်ပျောတုံးမှ စွယ်စုံသုံး စက္ကူကို ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းစာတစ်စောင်က ဖေဖော်ဝါရီ ၂၂ရက်တွင် ရေးသားဖော်ပြသည်။

အဆိုပါ စက္ကူကို စွယ်စုံအသုံး များလည်း ပြုလုပ်နိုင်ကြောင်း ပြုနိုင်ကြောင်း၊ ဆီကို စုပ်ယူနိုင်၍ စထရိတ်တိုင်း(မ်)သတင်းစာတွင် ဖော် မျက်နှာကြက်အကာများနှင့် စားပွဲခင်း ပြသည်။

ပို၍ကောင်းမွန်

ယင်းစက္ကူသည် သာမန်စက္ကူထက် အဆ၃၀၊ ၄၀အထိ ပို၍ ကောင်းမွန်ကြောင်း ၎င်းတက္ကသိုလ်မှ သုတေသန ပညာရှင် မိုဟာမက်နာဂျစ်အာမက်ဒါဝါက ပြောကြားသည်။

မိုဟာမက်နာဂျစ်နှင့် သုတေသနပညာရှင်အဖွဲ့သည် ၂၀၀၁ခုနှစ်တွင် ငှက်ပျောတုံးမှ စက္ကူထုတ်လုပ်ရန် သုတေသနများ စတင် ပြုလုပ်ခဲ့ပြီး ၂၀၀၄ခုနှစ်တွင် ဂျပန်ဖောင်ဒေးရှင်း၏ ပူးပေါင်းဆောင်ရွက်မှု ရရှိခဲ့သည်ဟု ဆိုသည်။

ထုတ်လုပ်နိုင်

ယင်းစက္ကူထုတ်လုပ်မှုသည်အလွန်ရိုးရှင်းကြောင်း၊ မည်သည့်စက်မျှ မလိုကြောင်း၊ ငှက်ပျောပင်စည် တစ်ခုလျှင် A-4 စာရွက် ၁၁ရွက် ထုတ်လုပ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တောင်ကိုရီးယားရောက်အမေရိကန်စစ်သားများ ဆိုးလ်မြို့ ဟောင်ဂစ်တက္ကသိုလ်လမ်းမပေါ်၌ ရမ်းကား

ဆိုးလ် ဖေဖော်ဝါရီ ၂၄

ကိုရီးယားသမ္မတနိုင်ငံ YTN ရုပ်မြင်သံကြားဌာန၏ ထုတ်လွှင့်မှုကို ကိုးကား၍ The Korea Post သတင်းစာက ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၈ ရက်က Young US military personnel rampage on street in front of Hongik University in Seoul ခေါင်းစဉ်ဖြင့် သတင်းတစ်ပုဒ်ကို ကောက်နုတ်ဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းအပြည့်အစုံမှာ "တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ ဟောင်ဂစ်တက္ကသိုလ်ရှေ့ရှိ လမ်းပေါ်၌ စနေ၊ တနင်္ဂနွေပိတ်ရက် ညပိုင်းများတွင် လူငယ်များဖြင့် စည်ကားလေ့ရှိသည်။ မကြာမီကာလများမှစ၍ နိုင်ငံခြားသားများ အထူးသဖြင့် ကိုရီးယားရောက် အမေရိကန်စစ်သားများ ပိုမိုများပြားလာသည်။ ၎င်းတို့သည် ပုံပျက်ပန်းပျက်အပြုအမူများဖြင့် ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်အောင်ပြုလုပ်ကြသည်။ သို့ရာတွင် ကိုရီးယားရဲများက လက်ပိုက်ကြည့်နေကြသဖြင့် ထိုလမ်းပေါ်ရှိ ဖျော်ဖြေရေးဌာန တော်တော်များများတွင် "အမေရိကန်စစ်သားများမဝင်ရ" ဟူသည့် ဆိုင်းဘုတ်များ ချိတ်ဆွဲထားလာကြသည်။

"လွန်ခဲ့သည့် စနေနေ့ညက ထိုလမ်းပေါ်၌ ဆံပင်တိုတိုညှပ်ထားသော နိုင်ငံခြားသား သုံးလေးယောက်သည် ဖြတ်သွားဖြတ်လာ အမျိုးသမီးများကို ထိကပါးရိကပါးလုပ်ခြင်း၊ အော်ဟစ်ခြင်း၊ လက်ညှိုးထိုး လှောင်ပြောင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ လက်ကိုင်ဖုန်းပြောနေသော အမျိုးသမီးငယ်တစ်ဦးမှာ ကြောက်လန့်တကြားဖြင့် ထိုနေရာမှ သုတ်ခြေတင် ထွက်ပြေးသွားခဲ့ရသည်။ ထိုလူငယ်များသည် အနီးရှိ နောက်ဖေးလမ်းကြားထဲတွင် အခြားအမျိုးသမီးများကိုလည်း ချဉ်းကပ်မြှူဆွယ်ခဲ့ကြသည်။

YTN ရုပ်မြင်သံကြားက တွေ့ဆုံမေးမြန်းရာတွင် တက္ကသိုလ်ကျောင်းသားတစ်ဦးက "ဒီနိုင်ငံခြားသားတွေဟာ အများပြည်သူတွေကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်နေကြတယ်၊ ဟောင်ဂစ်တက္ကသိုလ်လမ်းပေါ်မှာ ဒါမျိုးတွေတွေ့ရတာ ရိုးနေပါပြီ" ဟုဆိုသည်။ ထိုအမေရိကန်စစ်သားများသည် အရက်သေစာသောက်စားကာ လမ်းပေါ်တွင် မီးပုံရှို့ခြင်း၊ ပါတီပွဲကျင်းပခြင်းများပြုလုပ်ကြသည်။ မူးမူးရူးရူးဖြင့် လမ်းမအလယ်တွင် အညစ်အကြေးစွန့်ပြီး မဖွယ်မရာလုပ်ပြကြသည်။ ထိုမဖွယ်မရာ မြင်ကွင်းများကို နောက်တစ်နေ့ နံနက်လင်းသည်အထိ တွေ့မြင်နေကြရသည်။

"အမေရိကန်စစ်သားများကို အဝင်မခံသော ဖျော်ဖြေရေးဌာနများ တိုးပွားလာသည်။ ထိုနိုင်ငံခြားသားလူငယ်များအနေဖြင့် ရာဇဝတ်ပြစ်မှုများ ကျူးလွန်လာကြမည်ကို ကိုရီးယားပြည်သူများက စိုးရိမ်နေကြသည်။ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၃ ရက်က ဖြစ်ရပ်တစ်ခုတွင် အရက်မူးနေသော အမေရိကန်စစ်သားတစ်ဦးက အသက်(၆၀)အရွယ်ရှိ ကိုရီးယားအမျိုးသမီးကြီးတစ်ဦးကို နောက်ဖေးလမ်းကြားတွင် မုဒိမ်းကျင့်ခဲ့သည်၊ ထိုဖြစ်ရပ်သည် ကိုရီးယား လူ့အသိုင်းအဝိုင်းကို တုန်လှုပ်ချောက်ချားသွားစေခဲ့သည်"ဟူ၍ ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အင်တာနက်—ကျန်းမာရေး

စီးကရက်သောက်ခြင်းသည် မူးယစ်ဆေးသုံးသကဲ့သို့ ဦးနှောက်၌ ပြောင်းလဲမှုဖြစ်

လန်ဒန် ဖေဖော်ဝါရီ ၂၄

ကိုကင်းကဲ့သို့သော မူးယစ်ဆေး သုံးစွဲခြင်းကြောင့် ဦးနှောက်တွင် ပြောင်းလဲမှုဖြစ်သည့်နည်းတူ စီးကရက်သောက်ခြင်းဖြင့် ဦးနှောက်တွင် အလားတူပြောင်းလဲမှုရှိကြောင်း သုတေသီများက တွေ့ရှိထားသည်။

နှိုင်းယှဉ်လေ့လာ

စီးကရက်သောက်သူ၊ သောက်ခဲ့ဖူးသူနှင့် လုံးဝမသောက်သူဟူ၍ သုံးမျိုးသုံးစားခွဲပြီး ၎င်းတို့သေဆုံးပြီးနောက် ဦးနှောက်များကိုခွဲပြီး အတွင်းမှ တစ်ရှူးများကို နှိုင်းယှဉ်လေ့လာခဲ့သည်။

တွေ့ရှိ

ဦးနှောက်ရှိ မူးယစ်ဆေးဝါးသုံးစွဲမှုကို ထိန်းချုပ်ပေးသည့်နေရာမှ တစ်ရှူးများမှာ စီးကရက်သောက်သူများတွင် အများဆုံးပြောင်းလဲပြီး သောက်ဖူးခဲ့သူများတွင် အတန်အသင့် ပြောင်းလဲကြောင်း အမေရိကန်သုတေသီတို့ တွေ့ရှိရသည် ဆိုသည်။

ပြောင်းလဲ

ကိုကင်းနှင့်မော်ဖင်းများ ထိုးထားသည့် ကြွက်များ၏ဦးနှောက်တွင်လည်း ပြောင်းလဲမှုတူညီစွာပေါ်ပေါက်ကြောင်းတွေ့ရသည်။ သုတေသီများ၏ လေ့လာတွေ့ရှိချက်အရ စီးကရက်သောက်ခြင်းကြောင့် ဦးနှောက်၌ ပြောင်းလဲမှုမှာ မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့် ဦးနှောက်၌ ပြောင်းလဲသကဲ့သို့ အပြောင်းအလဲရှိကြောင်း လန်ဒန်ဘုရင့်ကောလိပ်မှ ဒေါက်တာ ဂျွန်စတတ်ပယ်တန်က ပြောဆိုသည်ဟု သိရသည်။

(အင်တာနက်)



အသက်(၁၂)နှစ်အရွယ် မိန်းကလေးငယ်များ ကင်ဆာရောဂါ ကာကွယ်ဆေးထိုးသင့်

လန်ဒန် ဖေဖော်ဝါရီ ၂၄

အသက် (၁၂)နှစ်အရွယ် မိန်းကလေးငယ်များအနေဖြင့် ကင်ဆာရောဂါ ကာကွယ်ဆေး ထိုးထားသင့်ကြောင်း(အပေါ်ပုံ)**၊ သို့မှသာ အသက်အရွယ်ရလာသည့်အခါ သားအိမ်ကင်ဆာကဲ့သို့သော ရောဂါဖြစ်ပွားမှုကို ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း ဗြိတိန်ရှိ ကင်ဆာရောဂါသုတေသနပညာရှင် ဒေါက်တာအင်နီဇာယောစကီက ပြောကြားလိုက်သည်။**

ကင်ဆာရောဂါ ကာကွယ်ဆေးထိုးခြင်းသည် တစ်ချိန်ချိန်တွင် လူခန္ဓာကိုယ်အတွင်း ဖြစ်ပေါ်နိုင်သည့် အကျိတ်အဖုများကို မဖြစ်ပေါ်အောင် ဟန့်တားကာကွယ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

ဆာဗာရစ်ကဲ့သို့သော ကင်ဆာ ရောဂါကာကွယ်ဆေးကို အသက် (၁၂)နှစ်အရွယ် မိန်းကလေးငယ်များအား ထိုးပေးထားခြင်းဖြင့် သားအိမ်အတွင်း ကင်ဆာဖြစ်ပွားစေနိုင်သော ဆဲလ်များကို ဟန့်တားနိုင်ပြီး အခြားခန္ဓာကိုယ်အတွင်းပျက်စီးသွားသောဆဲလ်များကိုလည်း အကျိတ်အဖုမဖြစ်အောင် ဖျက်ဆီးနိုင်စွမ်း ရှိသည်ဟု သုတေသနပြုချက်၌ ဖော်ပြထားသည်။

ထိုသို့ ကင်ဆာရောဂါကာကွယ်ဆေးထိုးထားလျှင် မိန်းကလေးများအနေဖြင့် သားအိမ်ကင်ဆာကဲ့သို့သော ရောဂါကြောင့် သေဆုံးမှု ၆၁ရာခိုင်နှုန်း လျော့ကျစေနိုင်ပြီး ကင်ဆာရောဂါ ဖြစ်ပွားမှုကို ၈၀ရာခိုင်နှုန်းကာကွယ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။ (အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ရှိ ဂျူအန်ဒါလေဆိပ်သို့ အင်ဒိုနီးရှားခရီးသည်တင် လေယာဉ်တစ်စင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လေယာဉ်အဆင်းဂီယာ၏ အစိတ်အပိုင်းတစ်ခု ကျိုးပျက်သွားခဲ့ပြီး ဆင်းသက်ခဲ့သည်ကို ဖေဖော်ဝါရီ ၂၁ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မုဒုံအသင်း(ရန်ကုန်) ဆင့်မအကြိမ် ဂုဏ်ပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းရာတွင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော မွန်ပြည်နယ် မုဒုံမြို့ မြို့မ(၄)ရပ်ကွက် ရေတောင်တောရ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တပညာဝရနှင့် သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော မွန်ပြည်နယ် မုဒုံမြို့ မြို့မ(၄)ရပ်ကွက် ကွမ်းကသောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုမန ဆရာတော်နှစ်ပါးတို့အား ဆင့်မအကြိမ် ဂုဏ်ပူဇော်ပွဲကို မတ် ၃ ရက်(စနေနေ့) တပေါင်းလပြည့်ကျော် ၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီးရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဗိုလ်မှူးကြီးကြည်ထွန်း(ငြိမ်း) မုဒုံအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဖုန်း-၅၇၀၈၈၂၊ ဒုတိယဗိုလ်မှူးကြီးအေးကျော်(ငြိမ်း) ဒုတိယဥက္ကဋ္ဌ ဖုန်း-၅၈၅၃၀၂၊ ဦးသာလှ အတွင်းရေးမှူး ဖုန်း-၅၃၉၄၅၃၊ ဦးစိုးတင် ဘဏ္ဍာရေးမှူး ဖုန်း-၅၃၈၇၂၁၊ ဦးသန်းလွင် စာရင်းစစ် ဖုန်း-၂၉၄၃၅၉ နှင့် ဦးအောင်ကြည် အလုပ်အမှုဆောင် ဖုန်း-၅၉၁၁၆၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အသင်းသား အသင်းသူများ၊ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆရာတော်များအား ကြွရောက်ကြည်ညိုကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ရန်ငြိမ်းလာဘ်စုံ ပုံရွှေတိဂုဏ်စေတီ ရွှေထီးတော်တင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော်ကျေးရွာအုပ်စု တောင်ကြီးကွဲကျေးရွာ ကြက်မောက်ကုန်းတောင်ပေါ်ရှိ မိုးကုတ်ဝိပဿနာဇနိတာရာမ တောရကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တ ဇနိတာလင်္ကာရ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဆရာတော် ကြီးမှူး၍ မိုးကုတ်ယောဂီများ ၇ ရက်သားသမီးများ စုပေါင်း၍ လှူဒါန်းတည်ထားသော ရန်ငြိမ်းလာဘ်စုံ ပုံရွှေတိဂုဏ်စေတီတော်မြတ်ကြီး ပြီးစီးအောင်မြင်ရန် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့် ရွှေထီးတော်မြတ်တင်လှူပွဲကို ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်များအား ဆွမ်းသင်္ကန်း ဒါတဗ္ဗဝတ္ထုအစုစုတို့ကို လှူဒါန်းလိုပါသဖြင့် အထက်ပါ ကျောင်းတိုက်ကြီးသို့ တပေါင်းလပြည့်နေ့ (မတ် ၂ ရက်) သောကြာနေ့ နံနက် ၈ နာရီတွင် ကြွရောက်ကြည်ညိုနိုင်ကြကြောင်း သိရသည်။ **(က-ပ)**

✻ *ကျောဖုံးမှ*

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Forging Shop စက်ရုံသို့ သွားရောက်၍ ရှမ်းစတားဂျစ်ကားဖရိန်၊ A.I.C Light Track ကားနှင့် ကားကိုယ်ထည်၊ ဖရိန်အစိတ်အပိုင်းများထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း၊ Foundry Shop စက်ရုံသို့ သွားရောက်၍ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများမှ အပ်နှံသော စက်ပစ္စည်းအစိတ်အပိုင်းများ၊ သတ္တုရည်ကျိုနှင့် ပုံဖိ၊ ပုံလောင်းလုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ သံရည်ကျိုသံနန်းဆွဲစက်၌ သံမတ်၊ ခြောက်မူး၊ ငါးမူးနှင့် သုံးမူးသံချောင်းများ ထုတ်လုပ်နေမှုလုပ်ငန်းအဆင့်ဆင့်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးနှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တောင်ကြီးအေးသာယာစက်မှုဇုန်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တီထွင်ကြံဆ

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စက်မှုဇုန်များ ထူထောင်ပေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်း အားပေးနေခြင်းဖြစ်၍ ပြည်ပသွင်းကုန် အစားထိုးစက်မှုထုတ်ကုန်ပစ္စည်းများနှင့် အရည်အသွေးမီ စက်ကိရိယာပစ္စည်းများ ထုတ်လုပ်နိုင်သည်အထိ တီထွင်ကြံဆ ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားသည်။

အေးသာယာစက်မှုဇုန်၌ လယ်ယာကဏ္ဍကို အထောက်အကူပြုသည့် သွင်းကုန်အစားထိုး လက်တွန်းထွန်စက်၊ စပါးခြွေလှေ့စက်၊ စပါးရိတ်စက်၊ စက်နှင့် စက်အရန်ပစ္စည်းများ၊ မော်တော်ယာဉ်မျိုးစုံထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော စက်အရန်ပစ္စည်းမျိုးစုံ ထုတ်လုပ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က မတည်ကာ သံရည်ကျိုအလုပ်ရုံ၊ စက်ခုတ်စားအလုပ်ရုံနှင့် ပုံဖိ ပုံထောင်းအလုပ်ရုံတို့ကိုတည်ထောင်ပေးခဲ့သည်။ ယခုအခါ အရည်အသွေးမီ သံထည်ပစ္စည်းများ ထုတ်လုပ်နိုင်နေပြီ ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အေးသာယာမြို့သစ် စက်မှုဇုန်ရှိ မြန်မာအင်းလေးစားသောက်ကုန် စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်၏ မြန်မာအင်းလေး ခရမ်းချဉ်သီးထွက် စားသောက်ကုန်ပစ္စည်းစက်ရုံသို့ ရောက်ရှိကြရာ ဒါရိုက်တာ ဦးအောင်လင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံ၌ ခရမ်းချဉ်သီးသယ်ရွှေ့စက်၊ ဆေးကြောစက်၊ ရွေးချယ်စက်၊ ညှစ်ခြေစက်၊ မွှေစက်၊ အရည်ညှစ်စက်များ၊ ခရမ်းချဉ်သီးထွက် စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်စက်၊ ထုပ်ပိုးစက်များဖြင့် ခရမ်းချဉ်သီးအနှစ် (Tomato Concentrate) သံဘူး၊ ခရမ်းချဉ်သီးအရည်(Tomato Juice) စက္ကူဘူးနှင့် သံဘူးထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဒါရိုက်တာဦးအောင်လင်းက လိုက်လံ ရှင်းလင်းပြသသည်။

မြန်မာအင်းလေးစားသောက်ကုန် စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်သည် ငရုတ်သီးဆော့(Chili Sauce)၊ ခရမ်းချဉ်သီးဆော့(Tomato Sauce)နှင့် Tomato Ketch Up ၊ လိမ္မော်၊ လိုက်ချီး၊ ရှောက်၊ သံပရာ၊ စတော်ဘယ်ရီအချိုရည် (Cordial)တို့ကို ဆက်လက် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထုတ်လုပ်

အေးသာယာမြို့သစ် စက်မှုဇုန်၌ လယ်ယာသုံး လက်တွန်းထွန်စက်၊ ခြွေလှေ့စက်နှင့် စပါးရိတ်စက်များ၊ မော်တော်ယာဉ်များ၊ စက်နှင့် စက်ကိရိယာအရန်ပစ္စည်းများ၊ စားသောက်ကုန်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အေးသာယာမြို့သစ်စက်မှုဇုန်မှ ပြန်လည်ထွက်ခွာပြီး မွန်းလွဲ ၁နာရီခွဲတွင် တောင်ကြီးမြို့မှ ဗထူးတပ်မြို့သို့ တပ်မတော် ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာသည်။

တွေ့ဆုံမှာကြား

အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀နာရီခွဲတွင်ဗထူးတပ်မြို့ တပ်နယ် အစည်းအဝေးခန်းမ၌ ဗထူးတပ်နယ်မှ တပ်မတော်အရာရှိများအား တွေ့ဆုံ မှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်း၊ရေ၊လေတပ်မတော် အရာရှိကြီးများ၊ ဗထူးတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဝင်းနှင့် တပ်နယ်ရှိ တပ်ရင်း တပ်ဖွဲ့များမှ တပ်မတော် အရာရှိများ တက်ရောက်ကြသည်။

အားပေးကူညီ

တွေ့ဆုံပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများကို ရှင်းလင်းပြောကြားပြီးနောက် တပ်ဖွဲ့ဝင် မိသားစုများ၏ သက်သာချောင်ချိရေးနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုး မွေးမြူရေး လုပ်ငန်းများ အောင်မြင်အောင် အားပေးကူညီဆောင်ရွက်ပေးရေး မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး (၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဗထူးတပ်မြို့မှ မန္တလေးမြို့သို့ တပ်မတော် ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်သတင်း အတိုအထွာ

ဂျပန်နိုင်ငံ၏ စတုတ္ထမြောက် ထောက်လှမ်းရေးဂြိုဟ်တုကို ဂျပန်နိုင်ငံတောင်ပိုင်း ဒုံးပျံလွှတ်တင်ရေး အခြေစိုက်စခန်းမှ လွှတ်တင်လိုက်ကြောင်း၊ ယင်းဂြိုဟ်တုမှာ ကမ္ဘာ့မည်သည့်နေရာမဆို ထောက်လှမ်းနိုင်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက်က အင်တာနက်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ် ကူမင်းမြို့ရှိ တိရစ္ဆာန်ရုံ၌ ခြောက်နှစ်အရွယ် မိန်းကလေးတစ်ဦး ကျားကိုက်၍ သေဆုံးခဲ့ရကြောင်း ဖေဖော်ဝါရီ ၂၄ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ၂၀၁၂ ခုနှစ်တွင် ဆိုးလ်မြို့ကို တောင်ကိုရီးယားစစ်တပ်သို့ ထိန်းချုပ်မှုအပြည့်အဝ လွှဲပြောင်းပေးရန် သဘောတူညီချက်စာချုပ် ချုပ်ဆိုလိုက်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

တောင်အာဖရိကအစိုးရက ၂၀၁၅ခုနှစ်အထိ ယင်းနိုင်ငံ၏ ကျောင်းသားကျောင်းသူများအတွက် စက်ဘီးအစီး တစ်သန်း ပေးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက်က အင်တာနက်သတင်းအဖြစ် ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ အကုန်အကျခံ၍ ၂၀၁၆ ခုနှစ်တွင် တည်ဆောက်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက်က အင်တာနက်တွင် ဖော်ပြသည်။

အမေရိကန်၌လုပ်သည့် ပီတာပန်နှင့် ဂရိတ်ဗယ်လူး အမှတ်တံဆိပ်ပါ မြေပဲ ထောပတ်နှစ်မျိုးကို တရုတ်နိုင်ငံက စားသုံးခြင်းနှင့် ရောင်းချခြင်းမပြုရန် ပိတ်ပင်လိုက်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက်က အင်တာနက်သတင်းတစ်ရပ်၌ တွေ့ရသည်။ **(အင်တာနက်)**

ဒသမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ရှားမှု ရက်သတ္တပတ်(၂၀၀၇)ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ကျန်းမာရေး ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဒသမနှစ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ်(၂၀၀၇) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်၈နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းတို့မှ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်နှင့် ပြည်တွင်း ပြည်ပ လူမှုရေးအဖွဲ့ အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းနောက် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ရေသန့်ရှင်းရေး၊ ယင်လုံအိမ်သာသုံးစွဲရေး၊ တစ်ကိုယ်ရေသန့်ရှင်းမှုမြှင့်တင်ရေးနှင့် အစားအစာသန့်ရှင်းရေးတို့အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ၁၀နှစ်တာခရီး ကြိုးပမ်းအောင်မြင်မှု မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ မြန်မာနိုင်ငံ၌ ဆောင်ရွက်နေသော တန်ဖိုးနည်း ရေအိမ်ပုံစံအမျိုးမျိုးနှင့် ရေအရင်းအမြစ် ကာကွယ်မှုပုံစံ အမျိုးမျိုးကိုလည်းကောင်း၊ Save the Children, UNICEF နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့၏ အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု မှတ်တမ်းတင်ဓာတ်ပုံများကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

အောက်ကလိအာ

❖ ကျီးနှင့် ကြက်မ
ဖောက်ပြားကြ၍
ပေါက်ဖွားရသည့်သတ္တဝါ။

❖ အောက်အီးအီးအွတ်
မာန်တင်းရွှတ်လည်း
အွတ် ဟု အသံထွက်မလာ။

❖ ကောက်ကောက်မိုမို
နှုတ်သီးညိုမှာ
ကျီးလို အာ-အာ မတတ်ရှာ။

❖ မျိုးနွယ်ပျောက်သည့်
အောက်ကလိအာ
သတ္တဝါသည်
ဘယ်မှာ အမျိုးချစ်မည်နည်း။ ။

မျိုးသာခင်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံဖြစ်အောင် ကြိုးပမ်းလျက်ရှိ စက်မှုလုပ်ငန်းသစ်များ တိုးချဲ့ထူထောင်နိုင်ရေး အားသွန်ဆောင်ရွက် ဇီဝလောင်စာများ ထုတ်လုပ်ကုန်သွယ်မှုလုပ်ငန်းများ ဖြစ်ထွန်းရေးကြိုးပမ်း

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ၁နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အဆောက်အအုံ မင်္ဂလာခန်းမ၌ကျင်းပသော မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း (၁၃)ကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

လှည့်လည်ကြည့်ရှု

ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အစည်းအဝေးမစတင်မီ မင်္ဂလာခန်းမ အောက်ထပ်၌ ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ စက်မှု ကုန်ထုတ်လုပ်သူများ အသင်းဝင် ကုမ္ပဏီများမှ ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နှစ်ပတ်လည် အစည်းအဝေးကို စတင်ကျင်းပရာ ရှေးဦးစွာ သဘာပတိက မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင်ယခုကဲ့သို့ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ စက်မှုလက်မှုကဏ္ဍ အခြေအနေကို အသိပေး ပြောကြားလိုကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဘက်စုံကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်အောင် နည်းလမ်းအသွယ်သွယ်ဖြင့် အကောင်အထည်ဖော် လုပ်ကိုင်ပေးလျက်ရှိရာ တစ်နှစ်ထက် တစ်နှစ်စီးပွားရေး တိုးတက်အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံတော်ကြီး ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဦးစားပေးပံ့ပိုး

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းသည့် နိုင်ငံအဖြစ်တည်ရှိနေသကဲ့သို့ စက်မှုလက်မှုလုပ်ငန်းများ ဖြစ်ထွန်းရေးကိုလည်း တစ်ဖက်မှ ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အနေနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များ ထူထောင်ပြီး စက်ရုံမြေနေရာချထားပေးခြင်း၊စက်ရုံတည်ထောင်နိုင်ရန် လိုအပ်သည်များ ကူညီပံ့ပိုးပေးခြင်း၊ ရေ၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးဆိုင်ရာ ပံ့ပိုးမှုများ၊ စက်ရုံသုံး စက်မှုကုန်ကြမ်းများ တတ်နိုင်သရွေ့ ပံ့ပိုးကူညီမှုများ ပေးလျက်ရှိကြောင်း၊ ထို့အပြင် နည်းပညာဖြန့်ဝေခြင်း၊ နိုင်ငံတော် စက်ရုံများမှ အချို့သော အစိတ်အပိုင်းများအတွက် လုပ်ငန်းအပ်နှံဆောင်ရွက်ပေးခြင်း၊ စက်မှုဇုန်များမှ ထုတ်လုပ်ပြီး နိုင်ငံတော်၏ စက်ရုံများအတွင်း အသုံးတည့်သည့် စက်မှုကုန်ကြမ်းပစ္စည်းများ မှာယူသုံးစွဲခြင်းစသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၏ လိုအပ်ချက်များကို ပံ့ပိုးမှုများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊အထူးသဖြင့် စက်မှုလယ်ယာကဏ္ဍကို အထောက်အကူ ပြုသော စက်မှုလုပ်ငန်းများ၊ စက်ပစ္စည်းကိရိယာများ ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ၊ ပြည်ပသွင်းကုန် အစားထိုးစက်မှုလုပ်ငန်းများကို ဦးစားပေးပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုးချဲ့ထူထောင်

စက်မှုလုပ်ငန်းရှင်များကလည်း အပြန်အလှန် အကျိုးပြုသည့်အနေဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့် စက်ယန္တရားများ၊ လူသုံးကုန်ပစ္စည်းများကို အရည်အသွေးအဆင့်အတန်းမီ ထုတ်လုပ်ပေးခြင်း၊ လက်ရှိစက်မှုလုပ်ငန်းများ၊ စက်ရုံများ စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး၊ လယ်ယာကဏ္ဍဆိုင်ရာ စက်ပစ္စည်းများ တိုးတက်တီထွင်ထုတ်လုပ်ပေးနိုင်ရေး၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ တိုးမြှင့်ထူထောင်ရေး၊ စက်မှုလုပ်ငန်းသစ်များ တိုးချဲ့ထူထောင်နိုင်ရေးတို့အတွက် အားသွန်ခွန်စိုက်ထုတ်ပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

အသိပေးလို

စက်မှု ထုတ်ကုန်ပစ္စည်းများကို သွင်းကုန်အစားထိုး အနေနှင့်သာမက ပြည်တွင်းသုံးစွဲမှုအတွက်ရော၊ ပြည်ပပို့ကုန်အနေဖြင့်ပါ တစ်နှစ်ထက်တစ်နှစ် တိုးတက်ထုတ်လုပ်နေသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ လျှပ်စစ်စွမ်းအားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းများကို စဉ်ဆက်မပြတ်ချမှတ်ပြီး အကောင်အထည်ဖော်လုပ်ကိုင်ပေးလျက်ရှိကြောင်း၊ ၂၀၀၇ခုနှစ် နှစ်လယ်ပိုင်းမှစပြီးစက်မှုဇုန်များမှာလျှပ်စစ်မီးပြည့်ပြည့်ဝဝပေးနိုင်ရန် စီစဉ်လုပ်ကိုင်ဆောင်ရွက်ထားပြီး ဖြစ်ကြောင်း၊ တစ်ပြည်လုံး အတိုင်းအတာအနေနှင့် ၂၀၀၈ခုနှစ်တွင် တစ်ပြည်လုံး လျှပ်စစ်မီးလင်းတော့မည် ဆိုသည်ကို အသိပေး ပြောကြားလိုကြောင်း။

ကြိုးပမ်းလုပ်ကိုင်

စွမ်းအင်ကဏ္ဍနှင့် ပတ်သက်ပြီး ပြောကြားလိုသည်မှာ ရေနံအခြေခံစွမ်းအင်များ (Petroleum based Products) ရှားပါးကုန်ခန်းလာခြင်းကြောင့် ရေနံလောင်စာ၏ တန်ဖိုးများ တစ်နေ့တခြား ကမ္ဘာ့ဈေးကွက်မှာ မြင့်တက်လျက်ရှိနေကြောင်း၊ ရေနံလောင်စာများ သုံးစွဲမှုကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှု၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုစသည့် ဆိုးကျိုးများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအတော်များများမှာ ပြန်ဖြည့်မြဲစွမ်းအင်(Renewable Energy)စွမ်းအင်သစ်များ သုတေသနပြု ဖော်ထုတ်သုံးစွဲလျက်ရှိကြပြီ ဖြစ်သဖြင့် မြန်မာနိုင်ငံမှာလည်း ခြံစည်းရိုး ကြက်ဆူပင်များကို ကျယ်ကျယ်ပြန့်ပြန့် ပြည်နယ်၊ တိုင်းအသီးသီးမှာ စိုက်ပျိုးပြီး ဇီဝလောင်စာ (Biofuel, Bio Diesel)များ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလုပ်ကိုင်နေကြပြီဖြစ်ကြောင်း၊ ခြံစည်းရိုး ကြက်ဆူပင်များသာမက အခြား ဇီဝလောင်စာများ ထုတ်လုပ်နိုင်သော သီးနှံများ ရှာဖွေတိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်း Biofuel, Bio Diesel ဇီဝလောင်စာများ ထုတ်လုပ်ကုန်သွယ်မှုလုပ်ငန်းများဖြစ်ထွန်းပေါ်ပေါက်ရေးကို လုပ်ငန်းရှင်များက ကြိုးပမ်းလုပ်ကိုင်ရန် တိုက်တွန်းပြောကြားလိုကြောင်း။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း (၁၃)ကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးတွင် ခင်းကျင်းပြသထားသော ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်းဖွံ့ဖြိုးရေး

ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် ရာခိုင်နှုန်းအားဖြင့် ၉၅ရာခိုင်နှုန်း အထက်တွင်ရှိပြီး နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လုပ်ကိုင်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းအမျိုးမျိုးမှာ အစားအစာနှင့် အဖျော်ယမကာ ထုတ် လုပ်ငန်းများကို အများဆုံးတွေ့ရမှာဖြစ်ကြောင်း၊ အသေးစား အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးကူညီ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

တန်ဖိုးမြင့်ကုန်ပစ္စည်းထုတ်လုပ်

ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်းအနေဖြင့် စနစ်တကျလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို တတ်အားသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ပညာပေးဟောပြောပွဲများ၊ ဆွေးနွေးပွဲများပြုလုပ်ပေးခြင်း၊ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ် သင်ကြားပေးခြင်းကို အခါအားလျော်စွာ ဆောင်ရွက်ပေးခြင်း၊ စက်မှု သတင်းအချက်အလက်များကို Industrial Digest စာစောင်မှ တစ်ဆင့် ဖြန့်ဝေပေးခြင်းလုပ်ငန်းများ တစိုက်မတ်မတ် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက်လည်း မှတ်တမ်းတင်ဂုဏ်ယူကြောင်း၊ အသင်းအနေဖြင့် ရရှိပြီး အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းလုပ်ကိုင်သွားရန်၊ ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများကိုဆက်လက်ထိန်းသိမ်းလုပ်ကိုင်သွားရန် ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုစွမ်းအား (Productivity) တိုးတက်မြင့်မားလာစေရန်၊ ပြည်တွင်းပြည်ပ၌ ပိုမိုယှဉ်ပြိုင်နိုင်မှုစွမ်းအား (Competitiveness) ရှိစေရန်နှင့် ထပ်ဆင့် တန်ဖိုးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း Value - Added Industry များ တိုးချဲ့ လုပ်ကိုင်နိုင်ရေးအတွက် အဘက်ဘက်မှ ကူညီပံ့ပိုးသွားရန် တိုက်တွန်းပြောကြားလိုကြောင်း။

စံချိန်စံညွှန်းသတ်မှတ်

ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များက ထုတ်လုပ်လိုက်သည့် စက်မှုကုန်ပစ္စည်းများနှင့်ပတ်သက်ပြီး စံချိန်စံညွှန်း အရည်အသွေး မြှင့်တင်ရေးကိုလည်း အလေးထားပြီးထုတ်လုပ်ရန် လိုအပ်မှာဖြစ်ကြောင်း၊ ဒါမှ ASEAN အဖွဲ့ဝင်နိုင်ငံအနေဖြင့် ASEAN ဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက်များကို ထိုးဖောက်ရောင်းချနိုင်မှာဖြစ်ကြောင်း၊ နိုင်ငံတော်နှင့်ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များက ထုတ်လုပ်သည့်ပစ္စည်းများ စံချိန်စံညွှန်းသတ်မှတ်ရေးကိုလည်း ပူးပေါင်းအဖြေရှာ ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း။

တက်ညီလက်ညီလုပ်ကိုင်

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရေးအတွက် အမျိုးသားစက်မှုလုပ်ငန်းများကို တိုးတက်ဖြစ်ထွန်းလာအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ အသင်းမှ ချမှတ်ထားသည့် ရည်မှန်းချက်များ အောင်မြင်မှုရရှိကြရန်နှင့် အသင်းမှ ချမှတ်ထားသည့် ရည်မှန်းချက်များ အောင်မြင်မှုရရှိစေရန် အသင်းအမှုဆောင်လူကြီးများနှင့် အသင်းသူအသင်းသားများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များမှ အတ္တနှင့်ပရ မျှတစွာ တက်ညီလက်ညီ လုပ်ကိုင်ဆောင်ရွက်ကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့က အသီးသီးအမှာစကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း နာယကဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

ရန်ပုံငွေလှူဒါန်း

ယင်းနောက် အလှူရှင်များဖြစ်ကြသော ဦးမြတ်သင်းအောင်-ဒေါ်ခင်မြင့်မြင့်က ငွေကျပ်သိန်း၅၀၊ ဒေါက်တာစိန်မြင့်နှင့် ဦးစိန်ဝမ်းတို့က ငွေကျပ် ၄၅သိန်းစီ၊ ဒေါ်ခိုင်ဇော်က ငွေကျပ် ၂၅သိန်း၊ ဦးကျော်အောင်က ငွေကျပ် သိန်း၂၀၊ ဦးလှမြင့်ရွှေက ငွေကျပ် ၁၇သိန်းတို့ကို အသင်းရန်ပုံငွေအတွက် လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော ဦးသိန်းဟန်က ငွေကျပ် ၁၆သိန်း၊ ဒေါက်တာ အောင်သိန်း၊ ဦးစိုးတင့်၊ ဦးဝေဖြိုးနှင့် ဦးအေးဟန်တို့က ငွေကျပ် ၁၅သိန်းစီ၊ ဦးချစ်စိန်နှင့် ဦးရန်မင်းတို့က ငွေကျပ်၁၀သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

မှတ်တမ်းလွှာ

ထို့နောက် အလှူရှင်များက အလှူငွေများ ဆက်လက် လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က လက်ခံယူကြပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကြသည်။

အသင်းရန်ပုံငွေအတွက် ယနေ့ လှူဒါန်းငွေပေါင်းမှာငွေကျပ်၄၀၉၆၀၀၀၀ နှင့် တစ်လုံးလျှင် ငွေကျပ် နှစ်သိန်းတန် မှန်ဗီရိုသုံးလုံးဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

အရက်ကြော်ငြာများ လုံးဝပိတ်သိမ်းသင့် အရက်ကြောင့်သေဆုံးမှုများ နှစ်ဆတိုးလာ

လန်ဒန် ဖေဖော်ဝါရီ ၂၄

ဗြိတိန်နိုင်ငံ၌ အရက်သေစာသောက်စားမှုးယစ်ပြဿနာများ ထိန်းချုပ်သွားနိုင်ရန်အတွက် အရက်ကြော်ငြာများအားလုံးကို ပိတ်ရမည်ဖြစ်ကြောင်း ထိပ်တန်းဆရာဝန်တစ်ဦးက ပြောကြားလိုက်သည်ကို ဖေဖော်ဝါရီ ၂၄ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဗြိတိန်နိုင်ငံတွင် လွန်ခဲ့သော ၁၅နှစ်ကထက် အရက်ကြောင့်သေဆုံးသူအရေအတွက်မှာ နှစ်ဆတိုးလာကြောင်း ရူပဗေဒကောလိပ်အကြီးအကဲ ပါမောက္ခ ဂျီလ်မိုးက မှတ်ချက်ပြုပြောကြားလိုက်သည်။

ယင်းအရက်ကြော်ငြာများ ပိတ်ခြင်းဖြင့် အားကစားသူရဲကောင်းများ ဖြစ်လာမည့် ကလေးများကို ကာကွယ်ပေးရာရောက်ကြောင်းလည်း ၎င်းက ပြောကြားလိုက်သည်။

ထိုကဲ့သို့ အရက်ကြော်ငြာများ ပိတ်ရန်အတွက် အစိုးရက အစီအမံများ ချမှတ်၍ ကူညီပေးသွားရမည်ဖြစ်ကြောင်း ပါမောက္ခ ဂျီလ်မိုးက အကြံပြုတင်ပြထားသည်။

အထူးသဖြင့် ဂြိုဟ်တုရုပ်မြင်သံကြားမှ ဘောလုံးပွဲများထုတ်လွှင့်ရာတွင် အရက်ကြော်ငြာများကို မြင်တွေ့နေရကြောင်း၊ လုံးဝပိတ်သိမ်းရမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် အရက်ကြော်ငြာများပိတ်သိမ်းရန် မဖြစ်မနေ အစီအမံများ ချမှတ်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ၎င်းက တိုက်တွန်းလိုက်သည်။ (အင်တာနက်)

နိုင်ငံတော်၏အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာမှုအခြေခံကောင်းများကို ပျက်စီးအောင် ပြည်တွင်းပြည်ပအဖျက်သမားများက နည်းမျိုးစုံဖြင့်လုပ်ဆောင်နေခြင်းကို အထူးသတိပြု

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး မပျက်ယွင်းစေရအောင် ဝိုင်းဝန်းထိန်းသိမ်း

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တပ်မတော်အရာရှိကြီးများနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက နေပြည်တော်မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာရာ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သို့ နံနက် ၁၀ နာရီတွင် ရောက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗထူးတပ်မြို့ တိုက်ခိုက်ရေးကျောင်း လေ့ကျင့်ရေး(ညှိနှိုင်း) အစည်းအဝေးခန်းမ၌ ဗထူးတပ်နယ်မှ တပ်မတော်အရာရှိများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေး ဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်း တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေး၊ ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ် ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲ များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဖွင့်လှစ်ပေး

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်း ဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သည် အဖွဲ့ဝင်များနှင့်အတူ တောင်ကြီး မြို့ အေးသာယာမြို့သစ် ရွှေညောင်– တောင်ကြီး ပြည်ထောင်စုလမ်းမကြီး ပေါ်ရှိ ရှမ်းပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ရုံး အဆောက်အအုံ သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် ၍ ရုံးသစ်အဆောက်အအုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမှာ စကားပြောကြားသည်။

တက်ရောက်

အဆိုပါ ရုံးအဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် များ၊ ရှမ်းပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင်နှင့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့များ မှ အဖွဲ့ဝင်များ၊ ရှမ်းနှင့်ပအိုဝ်းတိုင်းရင်း သား ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် စစ်မှုထမ်း ဟောင်းကြီးကြပ်ရေးအဖွဲ့ရုံး အဆောက် အအုံသစ်ဖွင့်ပွဲ အခမ်းအနား ပထမပိုင်း ကို ရုံးသစ်အဆောက်အအုံရှေ့၌ ကျင်းပ ရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်း တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးနှင့် ရှမ်းပြည်နယ်စစ်မှုထမ်း ဟောင်း ကြီးကြပ်ရေးအဖွဲ့ အတွင်း ရေးမှူး ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ညွှန့်ဝင်းတို့က ရုံးအဆောက်အအုံ သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး ကြသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်း ဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ရှမ်းပြည်နယ် စစ်မှုထမ်း ဟောင်းကြီးကြပ်ရေးအဖွဲ့ ရုံးဆိုင်းဘုတ် ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ရုံး အဆောက်အအုံသစ်အတွင်း လှည့် လည် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အခမ်းအနား ဒုတိယ ပိုင်းကို ရုံးသစ် အဆောက်အအုံခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် စစ်မှုထမ်း ဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးဝင်းလွင်က ရုံးအဆောက် အအုံဆောက်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ရုံးအဆောက်အအုံသစ် နှင့် သက်ဆိုင်သည့် စာရွက်စာတမ်း များကို ရှမ်းပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး ဝင်းလွင်ထံ ကြယ်စင်ထွန်းတောက် ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးဝင်းတင်က လွှဲပြောင်း ပေးအပ်သည်။

အထိမ်းအမှတ်အလံပေးအပ်

ယင်းနောက် အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ထံ ရှမ်းပြည်နယ်စစ်မှုထမ်း ဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးဝင်းလွင်က ရုံးအဆောက် အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံကို ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးတို့အားပြည်နယ်စစ်မှုထမ်း ဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ရုံးအဆောက်အအုံသစ် ဖွင့်ပွဲအထိမ်း အမှတ်အလံများကို အသီးသီးပေးအပ် သည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်း ဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အသက်(၇၅) နှစ်ပြည့်ပြီးသူ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများကို တောင်ကြီး၊ ကလော၊ ဟိုပုံး၊ ညောင်ရွှေ၊ ဆီဆိုင်၊ ရပ်စောက်၊ ဖယ်ခုံ၊ ပင်းတယ၊ မိုင်းကိုင်၊ လွိုင်လင်နှင့် နမ့်စန်မြို့နယ်စစ်မှုထမ်း ဟောင်းအဖွဲ့ ဥက္ကဋ္ဌများထံ ပေးအပ်ပြီး အမှာစကား ပြောကြားရာတွင် ယနေ့ ဖွင့်လှစ်သည့် အဆောက်အအုံသစ် သည် ရှမ်းပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့အနေဖြင့် စီမံရေးရာ ကိစ္စရပ်များကို လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်စေရန် တည်ဆောက် ပေးထားသည့် အဆောက်အအုံဖြစ် ကြောင်း၊ ယခုအဆောက်အအုံအတွင်း မှာပင် ခရိုင်နှင့် မြို့နယ်စစ်မှုထမ်း ဟောင်းအဖွဲ့များ၏ ရုံးခန်းများကိုလည်း ဖွဲ့စည်းတည်ဆောက်ပေးထားကြောင်း။

အစဉ်အမြဲဆောင်ရွက်

စစ်မှုထမ်းဟောင်းအဖွဲ့ကိုတပ်မတော် ၏ဦးဆောင်မှုဖြင့် စဉ်ဆက်မပြတ်ခံယူ ပြီး တပ်မတော်၏အရန် အင်အားအဖြစ် နိုင်ငံတော်အား ကာကွယ်စောင့်ရှောက် ရန်၊ စစ်မှုထမ်းဟောင်းအချင်းချင်းနှင့် စစ်မှုထမ်းဟောင်း မိသားစုဝင်များကို ကူညီစောင့်ရှောက်ရန်၊ အခြားသော လူမှုရေးအဖွဲ့များနှင့် ပူးပေါင်းပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်း များနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ကို ပူးပေါင်းဆောင်ရွက်သွားရန် ဆို သည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်း ထားခြင်းဖြစ်၍ အဖွဲ့၏ရည်ရွယ်ချက် များအောင်မြင်စေရန် အစဉ်အမြဲ ဆောင် ရွက်သွားကြရန် မှာကြားလိုကြောင်း။

ပါဝင်ကြိုးပမ်း

မိမိတို့ တပ်မတော်အစိုးရအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် အဘက် ဘက်က နောက်ကျခဲ့ရသည့် နိုင်ငံတော် ကြီး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိက လိုအပ်ချက်ဖြစ်သည့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းမှုများ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ ကြောင်း၊ နှစ်ပေါင်း ၅၀ကျော်တိုင် အောင် ကြာမြင့်လာခဲ့သော လက်နက် ကိုင်ဆန့်ကျင်မှုများ ချုပ်ငြိမ်း ပပျောက် သွားစေရန် မှန်ကန်သည့် သဘောထား စေတနာနှင့် လက်တွေ့ကျကျ ဆောင် ရွက်နိုင်ခဲ့မှုကြောင့် ယနေ့ဆိုလျှင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ အစည်း ၁၇ဖွဲ့နှင့် အဖွဲ့ငယ်များ ဥပဒေ ဘောင်အတွင်း ပြန်လည်ရောက်ရှိ လာကြပြီး ယင်းတို့၏ ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော် အစိုးရနှင့် အတူတကွ လက်တွဲကြိုးပမ်း မှုများကြောင့် ယနေ့ဆိုလျှင် အဆိုပါ ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုး တိုးတက်လာနေပြီး အချို့ဒေသများ ဆိုလျှင် မြို့ပြများနှင့်မခြား တိုးတက် စည်ပင်နေသည်ကို တွေ့မြင်ရမှာဖြစ် ကြောင်း၊ ဒေသနေ တိုင်းရင်းသား ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး နှင့် လူမှုစီးပွားရေး အခြေအနေများ မှာလည်း တိုးတက်၍နေကြပြီး ယခင် က မရရှိခဲ့သည့် ငြိမ်းချမ်းမှုနှင့် သာယာ အေးချမ်းမှုများကို လက်တွေ့ခံစား ရရှိနေကြပြီဖြစ်ကြောင်း၊ နိုင်ငံတော် ၏ လက်ရှိ အခြေအနေကောင်းများ ရရှိအောင် ယခုတက်ရောက်လာကြ သည့် စစ်မှုထမ်းဟောင်းများ ကိုယ် တိုင်လည်း ပါဝင်ကြိုးပမ်းခဲ့ကြခြင်း ဖြစ်ကြောင်း။

ဆက်စပ်ဆောင်ရွက်

နိုင်ငံတော်အစိုးရ အနေဖြင့်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မျှမျှ တတ၊ ဟန်ချက်ညီညီ တိုးတက်ဖွံ့ဖြိုး မှုများ ရရှိလာစေရအောင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ အထူးဒေသကြီး၂၄ ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုး ရေး စီမံကိန်းများကို ဆက်စပ်ပြီး အကောင်အထည်ဖော် ဆောင်ရွက် ပေးလျက်ရှိနေကြောင်း။

ထုနှင့်ထည်နှင့်ဖြစ်ပေါ်

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ လူနေမှုဘဝ တိုးတက် မြင့်မားလာစေရေးကို ဆက်လက် မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်း ဆက်သွယ်ရေး ကဏ္ဍစုံတွင် လိုအပ်သည့် အခြေခံပညာ ကျောင်းနှင့် တက္ကသိုလ်များ၊ လမ်း တံတား၊ လေယာဉ်ကွင်း၊ ဆည်မြောင်း တာတမံ၊ ဆေးရုံဆေးပေးခန်းစသည့် အခြေခံ အဆောက်အအုံ များစွာကို တည်ဆောက်ပေးလျက်ရှိရာ ယနေ့ ဆိုလျှင် ကဏ္ဍတိုင်းတွင် လိုအပ်သည့် အခြေခံ အဆောက်အအုံများ ထုနှင့် ထည်နှင့် ဖြစ်ပေါ်နေသည်ကို မြင်တွေ့ ကြရမှာ ဖြစ်ကြောင်း။

လက်တွဲဆောင်ရွက်

ဤသို့နိုင်ငံတော်၏ အဘက်ဘက် က ဖွံ့ဖြိုးတိုးတက်လာမှုအခြေခံကောင်း များကို ပျက်စီးအောင်၊ တိုင်းပြည်ဖရိုဖရဲ ပြိုကွဲပျက်စီးစေရအောင် ပြည်တွင်း ပြည်ပအဖျက်သမားများက နည်းမျိုး စုံဖြင့် လုပ်ဆောင်နေခြင်းကို အထူး သတိပြုပြီး နိုင်ငံတော် တည်ငြိမ်အေး ချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေး မပျက်ယွင်းစေရအောင် ဝိုင်းဝန်းထိန်း သိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့အပြင်ယနေ့ပြည်သူများက လိုလား တောင့်တနေသည့် ဒီမိုကရေစီနိုင်ငံ တော်သစ် တည်ထောင်နိုင်ရေး မရှိမဖြစ် လိုအပ်လှသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် ချမှတ်ထား သည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင် ပြီးမြောက်လာစေရအောင် နိုင်ငံတော် အစိုးရနှင့်အတူ လက်တွဲဆောင်ရွက် သွားကြရန် မှာကြားလိုကြောင်း။

တက်တက်ကြွကြွဆောင်ရွက်

ထို့ကြောင့် စစ်မှုထမ်းဟောင်းအဖွဲ့ ဝင်များအနေဖြင့် မိမိတို့အဖွဲ့အစည်း အင်အားကျစ်လျစ်ခိုင်မာစွာဖြင့် ရည်မှန်း ချက်များ အောင်မြင်ရေး၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံ တော် တည်ဆောက်ရေးလုပ်ငန်းစဉ်များ နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်တက်ကြွကြွပါဝင် ဆောင်ရွက်ကြ ရန်မှာကြားလိုကြောင်းဖြင့် ပြောကြား ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အတွင်း ရေးမှူး(၁) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ် ကြီး သိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသော စစ်မှုထမ်း ဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရှမ်းပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ရုံး အဆောက်အအုံ သည် အေးသာယာမြို့သစ် တောင်ကြီး– ရွှေညောင် ပြည်ထောင်စုလမ်းမကြီးပေါ် တွင်တည်ရှိပြီး အလျား ၁၈၃ပေ၊ အနံ ပေ ၃၀ရှိ အာရ်စီ နှစ်ထပ်အဆောက် အအုံဖြစ်သည်။ အဆောက်အအုံတွင် အစည်းအဝေး ခန်းမကျယ် တစ်ခန်း၊ ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ် ရေးအဖွဲ့ရုံးခန်းတစ်ခန်း၊ တောင်ကြီး ခရိုင်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်းများနှင့် ဧည့်ခန်း တစ်ခန်းတို့ ပါဝင်ကြောင်း သိရသည်။

(သတင်းစဉ်)

စက်ရုံအလုပ်ရုံများ တိုးတက်အောင်မြင်ရေးကိုသာမက စက်မှုနိုင်ငံ ထူထောင်ဖြစ်ပေါ်ရေးကိုလည်း အမြဲတွေးခေါ်ကြံဆအားထုတ်

ရှင်းလင်းတင်ပြ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

● **ရွှေဖုံးမှ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ နံနက် ၉ နာရီ မိနစ် ၂၀ တွင် ပျဉ်းမနားမြို့၏ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက်လျက်ရှိသည့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ကြိုးပမ်းဆောင်ရွက်

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရှင်းလင်းတင်ပြရာ၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းများကို အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယခု ရောက်ရှိနေသည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသည် စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများတွင် ပါဝင်သည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း။

စစ်တောင်းမြစ်ဝှမ်း

စစ်တောင်းမြစ်ဝှမ်း၌ ကွန်း၊ ရဲနွယ်၊ ခပေါင်း၊ ဖြူး၊ ရွှေကျင်၊ ဘောဂတ၊ သောက်ရေခပ်၊ ပေါင်းလောင်း၊ အထက်ပေါင်းလောင်းနှင့် နန်ချိုစီမံကိန်းတို့ကို အကောင်အထည်ဖော်လျက်ရှိရာ ယင်းစီမံကိန်းအားလုံးပြီးစီးပါက လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၉၉၀ ရရှိမည်ဖြစ်ပါကြောင်း၊ စီမံကိန်းများအနက် ရဲနွယ်နှင့် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းတို့မှာ ပြီးစီးပြီး စီမံကိန်းများဖြစ်ပါကြောင်း။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းမှာ တည်ဆောက်ပြီး ပေါင်းလောင်းရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အထက်ဘက် ၁၅ မိုင်ခန့် အကွာ၌ တည်ရှိပါကြောင်း၊ ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၏ နှစ်စဉ် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို တိုးတက်စေပြီး နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ထပ်မံ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ရှင်းလင်းတင်ပြ

ပေါင်းလောင်းမြစ်ပေါ်၌ တမံအလျား ပေ ၁၆၄၀၊ တမံအမြင့် ၃၂၅ ပေရှိ RCC Dam အမျိုးအစားတမံကို တည်ဆောက်လျက်ရှိပါကြောင်း၊ စီမံကိန်းပြီးစီးပါက မဂ္ဂါဝပ် ၇၀ အားရှိ စက်နှစ်လုံးမှ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၄၀ ထုတ်ယူ ရရှိမည်ဖြစ်ပါကြောင်းဖြင့် စီမံကိန်းနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြပြီး ချဉ်းကပ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ၊ စီမံကိန်းနှင့် ဆက်စပ်နေသည့် နန်ချိုတံတား၊ လိန်းလီတံတားတည်ဆောက်ရေးလုပ်ငန်းများကိုလည်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်လျက်ရှိသည့် ဒေသ၏ ထူးခြားသော ဘူမိအနေအထားများ၊ အထက်ပေါင်းလောင်း ရေအားလျှပ်စစ် စီမံကိန်းကြောင့် ပေါင်းလောင်းရေအားဓာတ်လျှပ်စစ်အားပေးစက်ရုံအတွက်ရရှိသည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

တံတားတည်ဆောက်မှုတင်ပြ

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ပျဉ်းမနား-ပင်လောင်းလမ်း အခြေအနေနှင့် ယင်းလမ်းပေါ်ရှိ လိန်းလီတံတား တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ပေါင်းလောင်းရေလွှဲဆည် တည်ဆောက်ခြင်းလုပ်ငန်းများ၊ ပျဉ်းမနားမြို့နယ်၌ စိုက်ပျိုးရေ ပေးဝေနိုင်ရေးအတွက် ဆည်တမံအသစ် တည်ဆောက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တီထွင်ကြံဆလုပ်ကိုင်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ရေအားလျှပ်စစ်စီမံကိန်းအပါအဝင် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ မိမိတို့တွင် အတတ်ပညာနှင့် အတွေ့အကြုံများရှိပြီးဖြစ်သည့်အတိုင်း ဖြစ်နိုင်သရွေ့ အချိန်စောပြီးစီးအောင် နည်းကောင်း၊ စနစ်ကောင်းများကို တီထွင်ကြံဆရှာဖွေပြီး အားထုတ်လုပ်ကိုင်ကြရန် လိုအပ်ကြောင်း။

မိမိတို့၏ တီထွင်ကြံဆမှု၊ အားထုတ်ကြိုးပမ်းလုပ်ကိုင်မှု၊ စိတ်စေတနာ ခံယူချက် မှန်ကန်မှုတို့ကြောင့် စီမံကိန်းလုပ်ငန်းများမှာ မူလတွက်ချက်မျှော်မှန်းသည်ထက် အချိန်စော၍ ပြီးစီးသွားနိုင်ကြောင်း။

ဖိဖိစီးစီးကြိုးစား

ယခု အထက်ပေါင်းလောင်းစီမံကိန်းနှင့် စပ်လျဉ်း၍ တစ်ပြိုင်တည်း ဆောင်ရွက်၍ရသည့်လုပ်ငန်းများကို တစ်ပြိုင်တည်း လုပ်ကိုင်ဆောင်ရွက်သည့် နည်းလမ်းဖြင့် ဖိဖိစီးစီး ကြိုးစားလုပ်ကိုင်သွားကြမည်ဆိုလျှင် အချိန်စော၍ ပြီးစီးသွားနိုင်မှာဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စီမံကိန်းလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက်ရှိသည့် Colenco Power Engineering Ltd. မှ စီမံကိန်းဒါရိုက်တာအား သစ်သီးလက်ဆောင်ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၌ စက်ယန္တရားကြီးများဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၁) တည်ဆောက်ရေးကတာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။

နန်ချိုရေအားလျှပ်စစ်စီမံကိန်း

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ပျဉ်းမနားမြို့၏ အရှေ့ဘက် ၁၆ မိုင်ခန့်အကွာ နန်ချိုချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည့် နန်ချိုရေအားလျှပ်စစ်စီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဒုတိယဝန်ကြီး ဦးမျိုးမြင့်တို့က နန်ချိုရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ရသည့် ရည်ရွယ်ချက်၊ စီမံကိန်းတည်နေရာ၊ စီမံကိန်း၌အသုံးပြုသည့် ရေလွှဲစနစ်နှင့် တမံစနစ်ဆိုင်ရာ အချက်အလက်များ သတ်မှတ်ကာလထက် လုပ်ငန်းများစောပြီးစီးရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

စနစ်တကျထိန်းသိမ်းဖြန့်ဖြူး

ဆက်လက်၍ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဒေသအလိုက် ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားစီမံကိန်းများမှ ထွက်ရှိလာမည့် ဓာတ်အားများကို နိုင်ငံတော်ဓာတ်အား ကွန်ရက်အတွင်း ထည့်သွင်းဖြန့်ဖြူးခြင်းအပါအဝင် လျှပ်စစ်ဓာတ်အားကို စနစ်တကျထိန်းသိမ်းဖြန့်ဖြူးပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဤရေအားလျှပ်စစ်စီမံကိန်းများသည် နေပြည်တော်ပတ်ဝန်းကျင်ဒေသများအတွက်ရော၊ နိုင်ငံတော်တစ်ရပ်လုံးအတွက်ပါ မျှော်မှန်း၍ တည်ဆောက်နေခြင်းဖြစ်ရာ ယင်းစီမံကိန်းများ၏ အကျိုးကျေးဇူးများကို ပြည်သူများအနေဖြင့် မြန်မြန်ခံစားနိုင်အောင်၊ လုပ်ငန်းများကို မြန်မြန်ပြီးစီးအောင် ကြိုးစားကြစေလိုကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

ရေအားလျှပ်စစ်ထုတ်လုပ်သည့် တမံ၏ ရေဝေရေလဲဒေသများ၌ သစ်ပင်၊ သစ်တောများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားနိုင်မှသာလျှင် တမံအတွင်း ရေဝင်ကောင်းမှာဖြစ်ရာ သစ်ပင်ခုတ်လှဲခြင်း၊ တောမီးရှို့ခြင်း၊ ရွှေ့ပြောင်းတောင်ယာလုပ်ကွက်များ ဖော်ခြင်းတို့ကို လုံးဝ မပြုလုပ်ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မှာကြားပြီး စီမံကိန်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် Kansai Electric Power Co., Inc မှ Civil Engineer များအား သစ်သီးလက်ဆောင် ပေးအပ်သည်။

လုပ်ငန်းဆောင်ရွက်နေမှုကြည့်ရှု

ဆက်လက်၍ စီမံကိန်းဧရိယာအတွင်း စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

နန်ချိုရေအားလျှပ်စစ်စီမံကိန်း

- နန်ချိုရေအားလျှပ်စစ်စီမံကိန်းကို ပျဉ်းမနားမြို့ အရှေ့ဘက် ၁၆ မိုင်ခန့်အကွာ ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အထက်ဘက် ၁၂ မိုင်အကွာ ပေါင်းလောင်းမြစ်အတွင်းသို့ စီးဝင်သော နန်ချိုချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်နေ။
- စီမံကိန်းအရ အလျား ၅၀၅ ပေ၊ အမြင့် ၁၆၆ ပေရှိ ကွန်ကရစ်တမံကို တည်ဆောက်လျက်ရှိပြီး စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၄၀ ထုတ်ယူရရှိမည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နန်းချိုရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် Kansai Electric Power Co., Inc မှ Civil Engineer များအား သစ်သီးလက်ဆောင်ပေးအပ်စဉ်။

(သတင်းစဉ်)

နန်းချိုရေအားလျှပ်စစ်စီမံကိန်းကို ပျဉ်းမနားမြို့ အရှေ့ဘက် ၁၆ မိုင်ခန့်အကွာ ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အထက်ဘက် ၁၂ မိုင်အကွာ ပေါင်းလောင်းမြစ်အတွင်းသို့ စီးဝင်သော နန်းချိုချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

ကွန်ကရစ်တမံ

စီမံကိန်းအရ အလျား ၅၀၅ ပေ၊ အမြင့် ၁၆၆ ပေရှိ ကွန်ကရစ်တမံ (Overflow Type)ကို တည်ဆောက်လျက်ရှိပြီး စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၄၀ ထုတ်ယူရရှိမည်ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ သာဂရစက်မှုနယ်မြေစီမံကိန်းသို့ရောက်ရှိကြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စီမံကိန်းသုံးခု

ထို့နောက် သာဂရစက်မှုနယ်မြေ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေ၌ မိမိတို့ဝန်ကြီးဌာနအနေဖြင့် စီမံကိန်းသုံးခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ပထမစီမံကိန်းမှာ ဘက်စုံသုံးဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံစီမံကိန်းဖြစ်ပြီး မြင်းကောင်ရေ ၂၅၀ မှ ၄၀၀၊ မြင်းကောင်ရေ ၃၃၀ မှ ၅၄၀၊ မြင်းကောင်ရေ ၅၀၀ မှ ၈၀၀ ထိရှိမည့် အင်ဂျင်သုံးမျိုး ထုတ်လုပ်သွားမည့် စီမံကိန်းဖြစ်ပါကြောင်း၊ စီမံကိန်းအရ တစ်နှစ်လျှင် ဒီဇယ်အင်ဂျင်အလုံး ၇၀၀ ထုတ်လုပ်သွားနိုင်မည်ဖြစ်ပါကြောင်း။

မြေထိုးစက်နှင့် မြေတူးစက်ရုံ

ဒုတိယစီမံကိန်းမှာ မြေထိုးစက်နှင့် မြေတူးစက်ထုတ်လုပ်မှုစက်ရုံစီမံကိန်းဖြစ်ပြီး တစ်နှစ်လျှင် မြေထိုးစက်အစီး ၁၀၀ နှင့် မြေတူးစက်အစီး ၂၀၀ ထုတ်လုပ်သွားနိုင်မည်ဖြစ်ပါကြောင်း။

တတိယစီမံကိန်းမှာ ရေအားလျှပ်စစ်တာဘိုင်နှင့် လျှပ်စစ်ဓာတ်အားပေးစက်ထုတ်လုပ်မှုစက်ရုံ စီမံကိန်းဖြစ်ပါကြောင်း၊ စီမံကိန်းအရ ထုတ်လုပ်မည့် တာဘိုင်နှင့် လျှပ်စစ်ဓာတ်အားပေးစက်အမျိုးအစားများမှာ ကီလိုဝပ် ၁၀၀၊ ကီလိုဝပ် ၅၀၀၊ ကီလိုဝပ် ၂၀၀၀၊ ကီလိုဝပ် ၅၀၀၀ ဖရန်စစ်တာဘိုင် အမျိုးအစားများဖြစ်ပါကြောင်း၊ တစ်နှစ်လျှင် အလုံးရေစုစုပေါင်း ၅၀ ထုတ်လုပ်သွားနိုင်မည့် စီမံကိန်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး စီမံကိန်းအကောင်အထည် ဖော်ရသည့် ရည်ရွယ်ချက်များ၊ သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးစီးမှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာရရှိနိုင်မှုများ၊ စီမံကိန်းလုပ်ငန်းအလိုက် ဆောင်ရွက်ပြီးစီးနေသည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် သာဂရစက်မှုနယ်မြေ၌ ထူထောင်လျက်ရှိသော ဒီဇယ်အင်ဂျင်စက်ရုံ၊ မြေထိုးစက်နှင့် မြေတူးစက်စက်ရုံ၊ ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာစက်ရုံတို့သည် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အခြေခံ စက်မှုလုပ်ငန်းများဖြစ်ရုံသာမက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများ ထုတ်လုပ်သည့် စက်ရုံများလည်းဖြစ်ကြောင်း။

ယင်းစက်ရုံများ၏ လက်ရှိထုတ်လုပ်နိုင်မှုအပေါ် အခြေခံပြီး ပိုမို တိုးတက်ကောင်းမွန်သော အင်ဂျင်စက်များ၊ တာဘိုင်များနှင့် စက်ကိရိယာများကို တိုးချဲ့ ထုတ်လုပ်သွားနိုင်အောင် အမြဲတွေးခေါ်၊ ကြံဆ၊ အားထုတ်၊ တီထွင်နေရမှာဖြစ်ကြောင်း၊ မိမိတို့ စက်ရုံအလုပ်ရုံများ၏ လက်ရှိထုတ်လုပ်နိုင်မှုအပေါ် ရောင့်ရဲတင်းတိမ်နေ၍ မဖြစ်ကြောင်း။

ဦးဆောင်ဦးရွက်ပြု

အမှန်မှာ အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် နိုင်ငံတော်၏ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ဦးရွက်ပြုသွားရန် တာဝန်ရှိကြောင်း၊ စက်မှုလုပ်ငန်းများ ထွန်းကားရေးအတွက် အကြံဉာဏ်များပေးပြီး လက်တွေ့ရှေ့ဆောင်နိုင်အားရှိရမှာ ဖြစ်ကြောင်း။

စက်မှုထွန်းကားမှသာ တိုင်းပြည်ချမ်းသာ ခေတ်မီမှာဖြစ်ရာ မိမိ၏ စက်ရုံအလုပ်ရုံများ တိုးတက်အောင်မြင်ရေးကိုသာမက စက်မှုနိုင်ငံ ထူထောင်ဖြစ်ပေါ်ရေးကိုလည်း အမြဲတွေးခေါ်ကြံဆအားထုတ်ရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်းမြေနေရာသို့ သွားရောက်ကြပြီး Ware House ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ တပ်ဆင်ရေးအလုပ်ရုံ၊ သံပုံထောင်းအလုပ်ရုံ၊ စက်ပစ္စည်းအလုပ်ရုံ အမှတ်(၁)နှင့် သံရည်ကျိုအလုပ်ရုံတို့ တည်ဆောက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြေထိုးစက်နှင့် မြေတူးစက်ထုတ်လုပ်မှုစက်ရုံစီမံကိန်းသို့ ရောက်ရှိကြရာ ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် တာဝန်ရှိသူတို့က စီမံကိန်းပြီးစီးပါက ထုတ်လုပ်သွားမည့် မြေထိုးစက်နမူနာကို ပြသကြသည်။

ပြန်လည်ရောက်ရှိ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သာဂရစက်မှုနယ်မြေ စီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ရဟတ်ယာဉ်များဖြင့် မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။**(သတင်းစဉ်)**

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကို ပေါင်းလောင်းမြစ်ပေါ်၌ တမံ အလျားပေ ၁၆၄၀၊ တမံအမြင့် ၃၂၅ ပေရှိ RCC Dam အမျိုးအစားဖြင့် တည်ဆောက်လျက်ရှိ၊ စီမံကိန်းပြီးစီးပါက မဂ္ဂါဝပ် ၇၀ အားရှိ စက်နှစ်လုံးမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၄၀ ထုတ်ယူရရှိမည်ဖြစ်။

ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၁၉)ထွက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၁၉)ကို ယနေ့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါဂျာနယ်တွင် ချစ်နိုင်(စိတ်ပညာ)၊ ဒေါက်တာခင်မောင်ညို၊ ဒေါက်တာသက်လွင်၊ ခင်ပန်နှင်း၊ မော်ကျွန်းစိုးမြင့်တို့၏ ဆောင်းပါးများအပြင် ဧရာဝတီတိုင်း ပုသိမ်မြို့မှ အိန္ဒိယနယ်စပ် ကလေးမြို့အထိ ခရီးပေါက်မည့် မဟာဗျူဟာအရ အရေးပါသည့်ရထားလမ်း၊ မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်းကို ဒေသခံများက ဝမ်းသာကြိုဆို၊ လမ်းနှင့် တံတားတည်ဆောက်ခဲ့သမျှ၊ ဂုဏ်ယူအားတက်စရာ ရထားလမ်းဆက်ကြောင်းသစ်ကြီးများ၊ ပြည်တွင်းပြည်ပ လေကြောင်းခရီးစဉ်များတိုးချဲ့၊ တန်ချိန် ၄၀၀၀ တင် သင်္ဘောများဆိုက်ကပ်နိုင်သည့် စစ်တွေဖောင်တော်ကြီးဆိပ်ခံတံတား၊ တနင်္သာရီနှင့် ရခိုင်ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရောင်းချရေး အလားအလာ တိုးတက်ကောင်းမွန်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း အရှိန်အဟုန်မြှင့်၊ တိုက်ကြီး၊ ဥက္ကံ၊ ပကွန်နှင့်အဖျောက်နေရာများတွင် တွင်းသစ်များရှာဖွေလျက်ရှိ၊ ရွှေလီ(၁)ရေအားလျှပ်စစ်စီမံကိန်း တရုတ်ကုမ္ပဏီနှင့်ဖက်စပ်လုပ်ကိုင်၊ အီရတ်သို့ တပ်ဖွဲ့ဝင်များစေလွှတ်ရန်အစီအစဉ်ကို အမေရိကန်အထက်လွှတ်တော်က ပယ်ချ၊ တရုတ်-ဂျပန် နှစ်နိုင်ငံဆိပ်ကမ်းများအား အပြန်အလှန်ဆိုက်ကပ်ခွင့်ပြုရေး၊ အိန္ဒိယနှင့်ရုရှားတို့ တိုက်လေယာဉ်များ ပူးပေါင်းထုတ်လုပ်မည့်စီမံကိန်း၊ မြောက်ကိုရီးယားနျူကလီးယားဆွေးနွေးပွဲ၊ တရုတ်ပြည်တွင် စီးပွားရေးတိုးတက်မှု စံချိန်သစ် စသည့် ပြည်တွင်းပြည်ပသတင်းများ၊ ဓာတ်ပုံများအား ဝေဝေဆာဆာ ဖော်ပြထားသည်။ **(အပေါ်ပုံ)**

ရွှေနိုင်ငံဂျာနယ်ရရှိနိုင်သောနေရာများမှာ ထွန်းဦးစာပေ(မန္တလေး)၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေ၊ ဝါမိုးအောင်စာပေ၊ စာပေဗိမာန်စာအုပ်ဆိုင်၊ နီလာ စာပေ၊ ၄၆ လမ်း (မောင်မှူ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်နှင့် ပန်းရွှေပြည်စာအုပ်ဆိုင်များဖြစ်သည်။ စာမူများပေးပို့လိုပါလျှင် စာတည်းမှူးချုပ် ရွှေနိုင်ငံဂျာနယ် အမှတ်(၂၂၈) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၂၀၇၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၄)၊ အမှတ်(၆)ထွက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ယခုတစ်ပတ်ဂျာနယ်တွင် အခြေခံ စားကုန် သားငါးများ ဈေးနှုန်းကျဆင်းရန်ကြိုးပမ်း၊ ကောလာဟလသတင်းများကြောင့် မြေဈေးများမြင့်မား၊ ပြည်တွင်းရေကြောင်းအလုံသင်္ဘောကျင်းတွင် ပြည်ပကုမ္ပဏီများမှ ကမ်းလှမ်းသည့်ရေယာဉ်သစ်များ လက်ခံတည်ဆောက်လျက်ရှိ၊ ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်၏ ပျားရည်ထုတ်လုပ်မှု လျာထားချက် မက်ထရစ်တန် ၁၀၀ ရှိ၊ ဘေးဒုက္ခ ဆန်းစစ်လေ့လာရေးနှင့် တုံ့ပြန်ကယ်ဆယ်ရေးသင်တန်းများ ဆက်လက်ဖွင့်လှစ်သွားမည်။ မ-ထ-သ လက်အောက်မှ မော်တော်ယာဉ်များ ဆစ်ပိုင်းပြေးဆွဲပါက ယာဉ်မောင်းနှင့်ယာဉ် နောက်လိုက်နှစ်ဦးစလုံးအား တရားဝင်ထုတ်ပယ်မည်၊ မြန်မာပြည်၏ ပထမဆုံးရုပ်ရှင်ပြဇာတ် သင်တန်းဖွင့်လှစ်၊ မျက်လှည့်ပွဲ ရုပ်ပွားတော်ကြောင့် ဒလတွင် လူစည်ကား၊ တစ်ကီလိုကို တရုတ်ငွေလေးယွမ်ရတဲ့ ဈေးကွက်ဝင် သစ္စာမွှေး၊ ကောလာဟလတွေကို ချေဖျက်လိုက်တဲ့ လူတိုင်းအတွက် စားအုန်းဆီ အစရှိသဖြင့် ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်းများကို ဝေဝေဆာဆာ ဖော်ပြထားသည်။ **(ဝဲပုံ)**

ထွန်းဦးစာပေ(မန္တလေး)၊ ဆင်တောင်ကြီး၊ ဝါမိုးအောင်၊ စာပေဗိမာန်စာအုပ်ဆိုင်၊ နီလာစာပေ၊ တင်စိုးစာပေ၊ ၄၆ လမ်း(မောင်မှူ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်နှင့် ပန်းရွှေပြည်စာပေတို့တွင် ဝယ်ယူနိုင်သည်။

စာမူရှင်များကို ဖိတ်ခေါ်ထားပြီး စာမူများပေးပို့လိုလျှင် အမှတ် ၂၂၈၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း သိမ်ဖြူလမ်း ရန်ကုန် ဖုန်း-၃၈၂၀၇၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ပြည်သူလူထုအခြေပြု ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်း ပခုက္ကူမြို့နယ် ရွှေချောင်းရပ်ကွက်နှင့် မြို့သစ်ရပ်ကွက်များအတွင်း အေအိုင်ဒီအက်စ်၊ တီဘီ၊ အခြား နာတာရှည်ရောဂါလူနာများနှင့် မိသားစုများအတွက် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းညှိနှိုင်းပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီက ပခုက္ကူမြို့ ရွှေချောင်းရပ်ကွက် ဆေးခန်းခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းပွဲသို့ ပခုက္ကူခရိုင်နှင့် မြို့နယ်လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံအုပ် ဒေါက်တာမြင့်မြင့်လှိုင်၊ ပခုက္ကူမြို့ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာတင်မောင်ထွေး၊ တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာမာမာငွေး၊ ကျန်းမာရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နယ်မြေခံ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများ တက်ရောက်ကြသည်။ ညှိနှိုင်းပွဲတွင် ဆောင်ရွက်မည့်လုပ်ငန်းများအကြောင်း အသိပေးတင်ပြပြီး လုပ်ငန်းအစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ပညာပေး

ယင်းနောက် ပခုက္ကူခရိုင်နှင့် မြို့နယ် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံအုပ်၊ ပခုက္ကူမြို့နယ် ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားနှင့် တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဆရာဝန်များ၊ တာဝန်ရှိသူများသည် ပခုက္ကူမြို့နယ်အတွင်းရှိ ရွှေချောင်းအုပ်စုနှင့် မြို့သစ်ရပ်ကွက်များသို့ ကွင်းဆင်း၍ အေအိုင်ဒီအက်စ်ရောဂါသည်များအပါအဝင် တီဘီရောဂါနှင့် အခြားနာတာရှည်ရောဂါဝေဒနာရှင်လူနာအား ဆေးရုံ/ဆေးခန်းသို့ ညွှန်းပို့ပေးခြင်း၊ အစားအသောက်များ ကူညီပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ မိသားစုများအနေဖြင့် စနစ်တကျ ပြုစုစောင့်ရှောက်တတ်အောင် လက်တွေ့ဆေးထည့်ပေးခြင်းနှင့် ကျန်းမာရေးပညာပေးခြင်း၊ လူနာများအား အကျိုးရှိစွာ နေထိုင်တတ်စေရန်နှင့် ထပ်ဆင့်ရောဂါများ ကူးစက်ပြန့်ပွားမှုမရှိအောင် နေထိုင်တတ်စေရန် ပညာပေးခြင်း၊ အားပေး ကူညီခြင်းများဆောင်ရွက်ခြင်း၊ ကျန်းမာရေးနှင့် သက်ဆိုင်သည့် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ရောဂါဝေဒနာရှင်များနှင့် မိသားစုများအတွက် ကျန်းမာရေးပညာပေး လက်ကမ်းစာစောင်များနှင့် ပိုစတာများ ဖြန့်ဝေပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ရန်ကုန်-ပြည်-မန္တလေး-ရန်ကုန် မိုင်၁၀၀၀ခရီးရှည် အမျိုးသား စက်ဘီးစီးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်စဉ်။ (သတင်းစဉ်)

မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ ဆုပေးပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့်အားကစားဝန်ကြီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ရန်ကုန်-ပြည်-မန္တလေး-ရန်ကုန် မိုင်၁၀၀၀ခရီးရှည် အမျိုးသားစက်ဘီးစီးပြိုင်ပွဲ၏ ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ၄နာရီက ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဖျော်ဖြေ

ဆုပေးပွဲမစတင်မီ ပြိုင်ပွဲဝင်စက်ဘီးအားကစားသမားများကွင်းအတွင်းသို့ ဝင်ရောက်ပန်းဝင်ကြပြီး တာမွေမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့က ဂုဏ်ပြုဖျော်ဖြေကြသည်။

ယင်းနောက် ဆုပေးပွဲကိုကျင်းပရာ ရေးဦးစွာ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်သို့ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမိုးကျော်သူနှင့် ဦးသက်ဝင်းတို့ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် မိုင်၁၀၀၀ခရီးရှည် စက်ဘီးစီးပြိုင်ပွဲအောင်မြင် ဖြစ်မြောက်ရေးအတွက် ခရီးစဉ်တစ်လျှောက် လိုက်ပါ ကူညီဆောင်ရွက်ခဲ့ကြသူများနှင့် ဒိုင်လူကြီးများအား ဒုတိယဥက္ကဋ္ဌ ဦးသက်ဝင်းက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆုများချီးမြှင့်

ဆက်လက်၍ ပြိုင်ပွဲလမ်းခရီးစဉ်တစ်လျှောက် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သော်လည်း အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားသမား၄ဦးအတွက် ငွေကျပ်နှစ်သိန်း၊ သတ်မှတ်ချိန်ကို ကျော်လွန်သော်လည်း ပန်းဝင်သည်အထိ ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားသမား၃၁ဦးအတွက် နှစ်သိမ့်ဆုအဖြစ် ငွေကျပ် ၁၅သိန်း ငါးသောင်း၊ ပြိုင်ပွဲကျင်းပရေးမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်အညီ သတ်မှတ်ထားသော အချိန်အတွင်း ပန်းဝင်ကြသော အားကစားသမား ၁၇ဦးအား ငွေကျပ် တစ်သိန်းစီကိုလည်းကောင်း တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် Myanmar Towards Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဝင်းက ဒသမရရှိသော မျိုးလင်းအောင်(ရောဝတီတိုင်း)အား ငွေကျပ်နှစ်သိန်း၊ နဝမရရှိသော ချစ်ဦး(ရောဝတီတိုင်း)အား ငွေကျပ်သုံးသိန်း၊ အဋ္ဌမရရှိသော မြင့်အေး(ဘဏ္ဍာ/အခွန်)အား ငွေကျပ် လေးသိန်းကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သတ္တမရရှိသော အောင်မျိုးနိုင် (Maxxis) အား ငွေကျပ်ငါးသိန်း၊ ဆဋ္ဌမရရှိသော ဝင်းလှိုင်(လယ်/ဆည်)အား ငွေကျပ်ခြောက်သိန်း၊ ပဉ္စမရရှိသော ထွန်းထွန်း(Maxxis)အား ငွေကျပ်ခုနစ်သိန်း၊ စတုတ္ထရရှိသော ကျော်မျိုးလှိုင်(ဘဏ္ဍာ/အခွန်)အား ငွေကျပ် ရှစ်သိန်းပေးအပ်ချီးမြှင့်သည်။

ဆုတံဆိပ်ပေးအပ်

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက တတိယရရှိသော မင်းမင်းဟန်(လယ်/ဆည်)အား ငွေကျပ် ၁၅သိန်းနှင့် ဆုတံဆိပ်၊ ဒုတိယရရှိသော ကျော်ကျော်ဦး (Flamingo) အား ငွေကျပ်၁၇သိန်းနှင့် ဆုတံဆိပ်၊ ပထမရရှိသော သက်နိုင်ဦး(ဘဏ္ဍာ/အခွန်)အား ချန်ပီယံအဝါရောင်အင်္ကျီ၊ ငွေကျပ်၂၅သိန်းနှင့် ဆုတံဆိပ်တို့ကို ပေးအပ်ချီးမြှင့်သည်။

၁၃ရက်ကြာမြင့်

ရန်ကုန်-ပြည်-မန္တလေး-ရန်ကုန် မိုင်၁၀၀၀ခရီးရှည် အမျိုးသား စက်ဘီးစီးပြိုင်ပွဲကို ဖေဖော်ဝါရီ၁၂ရက်မှ စတင်၍ ရန်ကုန်မြို့မှ တာလွတ်ခဲ့ရာ လက်ပံတန်း၊ ပြည်၊ တောင်တွင်းကြီး၊ မကွေး၊ ကျောက်ပန်းတောင်း၊ မြင်းခြံ၊ မန္တလေး၊ မိတ္ထီလာ၊ ပျဉ်းမနား၊ တောင်ငူ၊ ညောင်လေးပင်မြို့တို့၌ ညအိပ်ရပ်နားပြီး ပြိုင်ပွဲကာလ၁၃ရက် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စီရိုနယ်ဒို ၁၆ဂိုးမြောက်သွင်းယူ မန်ယူက ချယ်လ်ဆီးကို ကိုးမှတ်ဖြတ်ထားပြီ

သတင်းမြင်ကွင်း - မြင့်စိုး

လန်ဒန် ဖေဖော်ဝါရီ ၂၄

ပရီမီယာလိဂ်ပွဲစဉ် (၂၈) ဘောလုံးပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၄ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဖူလ်ဟမ်အိမ်ကွင်း၌ မန်ယူတို့ နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီး အမှတ်ပေးဇယားတွင် ကိုးမှတ်အသာဖြင့် ဒုတိယနေရာမှ ချယ်လ်ဆီးအသင်းကို ဖြတ်ထားနိုင်ပြီဖြစ်သည်။

၁၆ ဂိုးမြောက်

မန်ယူအတွက် အနိုင်ဂိုးကို တောင်ပံကစားသမား စီရိုနယ်ဒိုက ပွဲချိန် ၈၈မိနစ်တွင် ထိုက်တန်စွာ သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးမှာ ယခုနှစ် ပရီမီယာလိဂ်တွင် စီရိုနယ်ဒို၏ ၁၆ဂိုးမြောက် ဂိုးဖြစ်သည်။

ဖူလ်ဟမ်တိုက်စစ်မှူး မိုက်ဘရစ်က ပွဲစပြီး ၁၇မိနစ်တွင် အိမ်ရှင် ဖူလ်ဟမ်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့သည်။

ချေပဂိုး

မန်ယူတို့ တစ်ဂိုးအသွင်းခံထား ရသဖြင့် ချေပဂိုးသွင်းနိုင်ရေးအကြိတ်အနယ် ပြန်လည်ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၂၈မိနစ်တွင် ရိုင်ယန်ဂစ်က မန်ယူအတွက် ချေပဂိုး သွင်းယူလိုက်သည်။

ကာကွယ်ပေးနိုင်

မန်ယူ ဂိုးသမား ဗန်ဒါဆာက ဖူလ်ဟမ်ကွင်းလယ်ကစားသမား ဆီမွန်ဒါးဗီးစ်နှင့် သောမတ်ရက်ဇင်စကီးတို့ ကန်သွင်းယူခဲ့သော ဘောလုံးများကို ကာကွယ်ပေးနိုင်ခဲ့သည်။ မန်ယူတို့ ပွဲအစတွင် ခြေစွမ်းအတက်နှေးခဲ့သည်။ ဖူလ်ဟန်က မန်ယူတိုက်ကွက်ကို အခိုင်အမာ ချေဖျက်နိုင်ခဲ့သည်။ ယင်းပွဲတွင် မန်ယူ၏ နောက်တန်းအဓိကကစားသမား ဂယ်ရီနဗီးလ် ပါဝင်ကစားခဲ့ခြင်း မရှိပေ။



မန်ယူအတွက် ပွဲပြီးခါနီး အနိုင်ဂိုးသွင်းပြီး စီရိုနယ်ဒို(ယာ) ဤသို့ အောင်ပွဲခံခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

အဖွင့်ဂိုး

၎င်းမပါဝင်ခဲ့၍ မန်ယူနောက်တန်းပွဲအစတွင် ကျိုးပေါက်ခဲ့၍ ဖူလ်ဟမ်တို့ အဖွင့်ဂိုး သွင်းယူလိုက်နိုင်သည်။

စီရိုနယ်ဒိုသည် မန်ယူ၏ကွင်းလယ်ကစားကွက်ကို ဦးဆောင်ကစားနိုင်မှုကြောင့် ရိုင်ယန်ဂစ် ချေပဂိုးသွင်းယူနိုင်သည့်အခွင့်အလမ်းရရှိခဲ့သည်။

ယင်းဂိုးကြောင့် မန်ယူတို့ ခြေစွမ်းပြန်တက်လာပြီး ဖူလ်ဟမ်နောက်တန်းကို အကြိမ်ကြိမ် ထိုးဖောက်ကစားခဲ့သည်။

သွင်းယူပေး

မန်ယူနည်းပြ ဖာဂူဆန်သည် ရွန်နေနှင့် လာဆင်ကို ပွဲအစအဆုံး လူစားမလဲဘဲ တိုက်စစ်ကို အသုံးပြုသည်။ သို့သော်လည်း ဗီဒစ်အစား အိုရှီးယား၊ ကာရစ်အစား ဆာဟာတို့ကို ပွဲချိန် မိနစ်၆၀အကျော်တွင် လဲကစားခဲ့သည်ကို တွေ့ရသည်။ ယင်းပွဲစဉ်တွင် မန်ယူတိုက်စစ်မှူးများ ဂိုးသွင်းခွင့်မကြုံသော်လည်း ကွင်းလယ်ကစားသမားများဖြစ်ကြသည့် ရိုင်ယန်ဂစ်နှင့် စီရိုနယ်ဒိုတို့က သွင်းယူပေးနိုင်ခဲ့ကြသည်။

ယခုပွဲအနိုင်ရခဲ့၍ မန်ချက်စတာ ယူနိုက်တက်အသင်းသည် ရမှတ် ၆၆မှတ်တွင် သုံးမှတ်ထည့်ပေါင်းနိုင်ခဲ့သည်။ အမှတ်ပေးဇယား ဒုတိယနေရာမှလိုက်လာသော ချယ်လ်ဆီးအသင်းထက် ကိုးမှတ်အသာရထားပြီဖြစ်သည်။ မန်ယူတို့ ပွဲအစတွင် ချန်ပီယံလိဂ်ပြိုင်ပွဲကြောင့် ပွဲပန်းနေပြီး အထနှေးခဲ့သော်လည်း တည်ငြိမ်စွာ ကစားကွက်ကို ထိန်းကစားနိုင်ခဲ့၍ ဖူလ်ဟမ်တို့၏ အိမ်ကွင်း၌ အောင်ပွဲဆင်နိုင်ခဲ့သည်။

အခြားပွဲရလဒ်များ

ချာလ်တန်	**၄**	**-**	**၀**	**ဝက်စ်ဟမ်း**
လီဗာပူး	**၄**	**-**	**၀**	**ရှက်ဖီး**
မစ်ဒယ်ဘရော့	**၂**	**-**	**၁**	**ရက်ဒင်း။**

(ကိုးကား-အင်တာနက်)

မျှော်စင်ကျွန်းမှ စိန်ခေါ်သံ ရိုးရာလက်ဝှေ့ပွဲ လက်ဝှေ့ကျော်များ အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ T& T Group က တာဝန်ယူကျင်းပသည့် မျှော်စင်ကျွန်းမှ စိန်ခေါ်သံနှင့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို ယနေ့ညနေ၅နာရီက ကရဝိက်ဥယျာဉ် မျှော်စင်ကျွန်းတွင် ကျင်းပသည်။

လေးချီစိန်ခေါ်ပွဲ

ပွဲဦးထွက် လေးချီစိန်ခေါ်ပွဲများ ကျင်းပရာ စောသုံးလုံး(မထီလာ)နှင့် ကြယ်လေး(မြန်မာပြည်သား)၊ အထူးကလေးပွဲစဉ်တွင် လေးချီ စိန်ခေါ်ပွဲထိုးသတ်ရာ ပွဲပေါင်း ၂၀ အနိုင်ရရှိထားသည့် ရဲမြအောင်(K.L.N)နှင့် သိုးထိန်း(မြန်မာ ပြည်သား)တို့ ယှဉ်ပြိုင်ကြရာ ပရိသတ်အကြိုက်တွေ့စေပြီး သူတင်ကိုယ်တင် လေးချီထိုးသတ်ခဲ့သော်လည်း သရေပွဲဖြစ်ခဲ့သည်။

လေးချီစိန်ခေါ်ပွဲ

လေးချီစိန်ခေါ်ပွဲတွင် မြန်မာပြည်သားအောင်ကျော်မိုး၏ ဒူး၊ တံတောင်တိုက်ချက်များကြောင့် မထီလာမှ သတိုးညို ဒုတိယအချီ နှစ်မိနစ်နှင့် ၅၅ စက္ကန့်တွင် အလဲထိုးခံရ၍ အရှုံးပေးလိုက်ရသည်။

ခြေကန်ချက် ကောင်းလှသည့် မထီလာကလပ်မှ ကောင်းစံနှင့် လက်သီးအားကောင်းလှသည့် တွံတေးမှ ရှမ်းလေးတို့၏ပွဲတွင် မထင်မှတ်ဘဲ ရှမ်းလေး၏လက်သီးချက်ကြောင့် ကောင်းစံ မျက်ခုံးကွဲသွားသော်လည်း တတိယအချီ နှစ်မိနစ်နှင့် တစ်စက္ကန့်အရောက်တွင် ကောင်းစံ၏ဘယ်ညာတွဲလက်သီးများကြောင့် ရှမ်းလေး အထိနာ အလဲထိုးခံရပြီး အရှုံးပေးလိုက်ရသည်။

ငါးချီစိန်ခေါ်ပွဲ တွေ့မရှောင်နှင့် သူရရဲအောင်တို့ပွဲတွင် တွေ့မရှောင်၏ ညာလက်သီး သူရရဲအောင်နဖူးအား ဤသို့ ထိမိခဲ့သည်။
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

အထူးငါးချီစိန်ခေါ်ပွဲ

အထူးငါးချီ စိန်ခေါ်ပွဲများအဖြစ် ပုဏ္ဏားဘကွန်း(မြန်မာပြည်သား)နှင့် တေဇာ(မြိတ်သားလေး)တို့၏ပွဲသည်လည်း ပရိသတ်အကြိုက် တွေ့စေပြီး ပထမအချီတွင် ဘတစ်ပြန် ကျားတစ်ပြန်ထိုးသတ်ခဲ့သော်လည်း ပထမအချီနှင့် ဒုတိယအချီတွင် အကြိတ်အနယ်ရှိပြီး တတိယအချီ အရောက်တွင် ပုဏ္ဏားဘကွန်း၏ ခြေကန်ချက်ကြောင့် တေဇာ အရှုံးပေးလိုက်ရသည်။

ငါးချီစိန်ခေါ်ပွဲ

ငါးချီ စိန်ခေါ်ပွဲအဖြစ် မိုးသီး(မြန်မာပြည်သား)နှင့် မိုးကြိုး(K.L.N)တို့ယှဉ်ပြိုင်ကြရာ ပထမအချီတွင် မိုးသီး၏ ဘယ်ညာတွဲလက်သီးများကြောင့် မိုးကြိုးအလဲထိုးခံရ၍ အနားတောင်းခဲ့သည်။ ယင်းနောက် ပထမအချီဆက်ထိုးရာ မိုးသီး၏ညာပင့်လက်သီး မျက်နှာထိ၍ အလဲထိုးခံရပြီး အရှုံးပေးလိုက်ရသည်။

(K.L.N) မှ စောအာကာနှင့် ရွှေလက်ရာမှ ဖိုးခွားလေးတို့ပွဲတွင် ငါးချီ အချီပြည့် ထိုးသတ်ပြီး သရေဖြင့်သာ အဆုံးသတ်ခဲ့သည်။

(ထားဝယ်) မှ စောဖွဲ့လေးနှင့် (မြန်မာပြည်သား) စောဝီလျှံသိန်းတို့၏ ငါးချီ စိန်ခေါ်ပွဲသည်လည်း ပရိသတ်အကြိုက်တွေ့စေပြီး စောဖွဲ့လေး၏ ဘယ်ညာတွဲ လက်သီးများကို စောဝီလျှံသိန်းက ကြံ့ကြံ့ခံယှဉ်ပြိုင်ရင်း တန်ပြန်လက်သီးချက်များဖြင့် တုံ့ပြန်ရင်ဆိုင်သွားသည်။

သရေဖြင့်အဆုံးသတ်

နောက်ဆုံး ပရိသတ်တောင့်တသည့် (မြန်မာပြည်သား) ရွှေခါးပတ်ပိုင်ရှင် သူရရဲအောင်နှင့် (K.L.N) ကလပ်မှ တွေ့မရှောင်တို့ပွဲသည်လည်း ဘတစ်ပြန် ကျားတစ်ပြန်ဖြင့် ငါးချီ အချိန်ပြည့်ထိုးသတ်သော်လည်း သရေဖြင့်သာ အဆုံးသတ်စေခဲ့သည်။ ။

(မြန်မာ့အလင်း)

ဒုတိယဝန်ကြီးဦးကျော်သူ နိုင်ငံခြားတိုင်းပြည်များသို့ ချစ်ကြည်ရေးခရီးသွားရောက် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်တည်ဆောက်ရေးနှင့် နိုင်ငံတကာရေးရာအမြင်ချင်းဖလှယ်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တောင်အာဖရိကသမ္မတနိုင်ငံ၊ နိုင်ဂျီးရီးယား ပြည်ထောင်စုသမ္မတနိုင်ငံ၊ ဂါနာသမ္မတနိုင်ငံနှင့် ကွန်ဂိုသမ္မတနိုင်ငံများသို့ ဖေဖော်ဝါရီ ၁ရက်မှ ၁၈ရက်အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ယမန်နေ့နံနက်ပိုင်းက နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

တောင်အာဖရိကနိုင်ငံ

ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တောင်အာဖရိကသမ္မတနိုင်ငံတွင် ရောက်ရှိစဉ် တောင်အာဖရိက သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးဦးအုန်းသွင် လိုက်ပါလျက် ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲပိုင်းတွင် တောင်အာဖရိက သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ညော့်ဂေဟာ၌ အာရှနှင့်အရှေ့အလယ်ပိုင်းဌာနတာဝန်ခံ သံအမတ်ကြီး ဂျယ်ရီမက်ဂျီလာနှင့် တွေ့ဆုံကာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ သာဘိုအမ်ဘီကီထံသို့ လိပ်မူပေးပို့လိုက်သည့် စာသဝဏ်လွှာကို လက်ကမ်းပေးအပ်ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်တည်ဆောက်ရေး၊ နိုင်ငံတကာရေးရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဂါနာနိုင်ငံ

ဒုတိယဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက်တွင် နိုင်ဂျီးရီးယား ပြည်ထောင်စုသမ္မတနိုင်ငံ လေဂို့စ်မြို့မှတစ်ဆင့် ဂါနာသမ္မတနိုင်ငံ မြို့တော် အက်ကရာသို့ ရောက်ရှိခဲ့ရာ ဂါနာသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများက လေဆိပ်မှ ကြိုဆိုကြသည်။ ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၉ရက် နံနက်ပိုင်းတွင် ဂါနာသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ညော့်ခန်းမဆောင်၌ ဒုတိယဝန်ကြီး မစ္စတာအက်ဝါဆီအိုဆေးအာဂျီနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်တည်ဆောက်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ကြသည်။

ကွန်ဂိုနိုင်ငံ

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၁ ရက်တွင် ဂါနာသမ္မတနိုင်ငံမှ ပြန်လည်ထွက်ခွာပြီး နိုင်ဂျီးရီးယား ပြည်ထောင်စုသမ္မတနိုင်ငံ လေဂို့စ်မြို့နှင့် ကင်မရွန်းနိုင်ငံ ဒွာလာ အပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှတစ်ဆင့် ကွန်ဂိုသမ္မတနိုင်ငံ မြို့တော် ဘရာဇာဗီးလ်မြို့သို့ ဖေဖော်ဝါရီ၁၂ရက်မွန်းလွဲပိုင်းတွင် ရောက်ရှိရာ ဘရာဇီဗီးလ် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကွန်ဂိုသမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဌာနအကြီးအကဲ သံအမတ်ကြီး မစ္စတာ အေးမေ ကလိုဗီဂီရန်းနှင့် တာဝန်ရှိသူများက ခရီးဦးကြိုဆိုကြသည်။

ပိုမိုထိတွေ့ဆက်ဆံ

ဒုတိယဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၃ရက် နံနက်ပိုင်းတွင် ကွန်ဂိုသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာရိုဒေါ့ဖ်အာဒါဒါအား သွားရောက်တွေ့ဆုံပြီး နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ကွန်ဂိုသမ္မတနိုင်ငံ သမ္မတမစ္စတာဒင်းနစ် ဆက်ဆူအင်ဂီထံသို့ လိပ်မူပေးပို့သည့် စာသဝဏ်လွှာကို လက်ကမ်းပေးအပ်သည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် ကွန်ဂိုသမ္မတနိုင်ငံခြားရေးဝန်ကြီးတို့သည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့သွားရေးအတွက် နှစ်ဖက်စလုံး၏ ဆန္ဒကို ထပ်လောင်းအတည်ပြုကြပြီး ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုများကို ကုလသမဂ္ဂ ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့အစရှိသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှတစ်ဆင့် နှစ်ဖက်ကိုယ်စားလှယ်များ ပိုမိုထိတွေ့ ဆက်ဆံသွားကြရန် သဘောတူညီကြသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကွန်ဂိုသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာအီဆီဒိုးအမ်ဗူဗ်ဘာကို ဝန်ကြီးချုပ်ရုံးညော့်ခန်းမ၌ သွားရောက်ဂါရဝပြုတွေ့ဆုံသည်။

အကျိုးတူပူးပေါင်းဆောင်ရွက်ရေး

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၄ရက် နံနက်ပိုင်းတွင် ကွန်ဂိုသမ္မတနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆယ်လ်လီမီဂိုနှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ကြသည်။ ထို့နောက်ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင်ကွန်ဂိုသမ္မတနိုင်ငံမှ တောင်အာဖရိကသမ္မတနိုင်ငံသို့ ဆက်လက်ထွက်ခွာကြရာ ဂျိုဟန်နစ္စဘာ့ဂ် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညနေပိုင်းတွင် ရောက်ရှိရာ မြန်မာသံအမတ်ကြီးဦးအုန်းသွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် တောင်အာဖရိက သမ္မတနိုင်ငံမှ ဖေဖော်ဝါရီ ၁၇ရက်တွင် ပြန်လည်ထွက်ခွာရာ မြန်မာနိုင်ငံသို့ ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြန်လည်ရောက်ရှိကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်လတ်နှင့် လက်ထောက်ညွှန်ကြား ရေးမှူး ဦးကျော်စိုးတို့လည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်

ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (ပြည်နယ်အဆင့်) ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၅ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမတွင် ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြိုင်ပွဲကို မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မွန်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမှာစကားပြောကြားသည်။**(အပေါ်ဝဲပုံ)**

ဆုချီးမြှင့်

ဆက်လက်၍ ပြိုင်ပွဲကို ကျင်းပပြီး ဆုပေးပွဲကို ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက ပထမဆုရ မုဒုံမြို့နယ်အသင်းဝင် မောင်ရှိုင်းဝေထွန်း၊ ဒုတိယဆုရ ပေါင်မြို့နယ်အသင်းဝင် မရွှေရည်မြင့်ဦးနှင့် တတိယဆုရ မော်လမြိုင်မြို့နယ်အသင်းဝင် မောင်ကောင်းမြတ်ထက်တို့အား လည်းကောင်း၊ နှစ်သိမ့်ဆုရရှိသော အသင်းဝင်များကို တိုင်းမှူး၏ဇနီး ဒေါ်မြင့်မြင့်စိုး၊ ဗိုလ်မှူးကြီးမျိုးအောင်ဌေးနှင့် မုဒုံပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ပြည်နယ် အုပ်ချုပ်ရေးမှူးဦးအောင်ဝင်းတို့က လည်းကောင်း မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးတင်စိုးမိုးနိုင်က အကဲဖြတ်ဒိုင်အဖွဲ့အား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မိုးကုတ် သံဝေဇနီယတရားစခန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ် သွေးဆေးကန်အနီး မူလကမ္ဘာအေးလေးကျောင်းတိုက် (မိုးကုတ်သံဝေဇနီယဓမ္မပူဇာအဖွဲ့)တွင် မတ်၂ရက်(သောကြာနေ့)မှ ၆ရက်(အင်္ဂါနေ့)အထိ ၁၄ ကြိမ်မြောက် မိုးကုတ် သံဝေဇနီယဓမ္မပူဇာနေ့ တရားစခန်းကို နံနက်၈နာရီမှ ညနေ ၅နာရီအထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် ဆရာတော်ဦးဝိမလနှင့် အရှင်သုစိတ္တ ဖုန်း- ၃၈၂၂၈၆တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ဥပဒေရေးရာ ပညာပေးဆွေးနွေး

စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့နယ် ကျောက်မှော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဖေဖော်ဝါရီ၁၇ရက်က ဥပဒေရေးရာ ပညာပေးဟောပြောပွဲကျင်းပရာ ဒုတိယခရိုင်တရားသူကြီး ဒေါ်ခင်မြင့်ရီက ပြစ်မှုနှင့် အမျိုးသမီးဆိုင်ရာ မုခင်းလျှော့နည်းကျဆင်းရေး နှင့်စပ်လျဉ်း၍လည်းကောင်း၊ မြို့နယ်တရားသူကြီးဦးအောင်သိန်းက မော်တော်ယာဉ်ဥပဒေ၊ ယစ်မျိုးဥပဒေနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယမြို့နယ် တရားသူကြီးဦးမြင့်စိုးက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး ဥပဒေနှင့်စပ်လျဉ်း၍လည်းကောင်း ပညာပေးဟောပြောကြသည်။ ဟောပြောပွဲသို့ ကျေးရွာပြည်သူများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

မြစ်ကြီးနား-ဗန်းမော်ကားလမ်း ပန်းအလှပင်စိုက်

ကချင်ပြည်နယ် ဝိုင်းမော်မြို့ရှိ မြစ်ကြီးနား-ဗန်းမော်ကားလမ်းမကြီး ဘေးတွင် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ပေါင်းမြက်ပင်များ ရှင်းလင်းခြင်းကို ဇန်နဝါရီ ၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၄) ဦးကျော်နိုင်မင်းနှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ကဗျာရွတ်နှင့် ပုံပြောပြိုင်

စစ်ကိုင်းတိုင်း ကနီမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မူလတန်းအဆင့် ကဗျာရွတ်နှင့် ပုံပြောပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ခဲ့ကြသည်။

မြန်မာ့အလင်း

ပြည်တွင်းသတင်း အတိုအထွာ

မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် သီရိဟေမာရပ်ကွက်တွင် ဇန်နဝါရီ ၃၁ရက်က မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူးမြင့်သန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ကွင်းဆင်းကာ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပြီး ရပ်ကွက်အတွင်းရှိ အရေးပေါ်မီးသတ်ငုတ်များ၊ ရေလှောင်ကန်များကို စစ်ဆေးခဲ့ကြသည်။

ပညာသင်စရိတ် ထောက်ပံ့

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး စာကြည့်ခန်းမတွင်ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးရဲငွေက ပေါင်းလောင်း၊ ဆောင်းပြောင်း၊ နောင်တိုး၊နောင်တရား၊လုံးပိုး၊တီကျစ်နှင့် မြို့ပေါ်ရှိ စစ်မှုထမ်းဟောင်းများ၏ သားသမီးများအား ပညာသင်စရိတ်များ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဂါလန်၃၀၀၀ဆံ့ အုတ်ရေကန်တည်ဆောက်

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သိမ်တန်းရပ်ကွက် ရွှေကျောင်းလမ်းဘေးတွင် ဂါလန် ၃၀၀၀ဆံ့အုတ်ရေကန်ကို တည်ဆောက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၁ရက်က မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိဦးကိုကိုလေး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျေးရွာချင်းဆက် လမ်းဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့တွင် မိုင်းဖြတ်အပေါ်ရွာနှင့်အောက်ရွာ ကျေးရွာချင်းဆက် လမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ရက်က ကျင်းပရာ လမ်းကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်လတ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းဖေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ လမ်းမှာ အရှည် ပေ၈၃၀၀နှင့်အကျယ် ၁၀ ပေရှိကြောင်း သိရသည်။

ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး

စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း၍ ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၁ရက်က ဆေးမင်းခုံကျေးရွာ သုတဖြိုးဝေစာကြည့်တိုက်၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)တို့က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဟောပြောဆွေးနွေးခဲ့ကြသည်။

ရုပ်မြင်သံကြားဖမ်းစက်နှင့် စာအုပ်များလှူဒါန်း

တနင်္သာရီတိုင်း ဘန်လောကျေးရွာ အုပ်စု ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ရုပ်မြင်သံကြားဖမ်းစက်၊ အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၃ ရက်က ဘန်လောကျေးရွာဘဝအမြင်သစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပရာ အလှူရှင်များက ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံး၊ အလှူငွေကျပ်ငါးသောင်းနှင့် စာအုပ် ၂၀၀ ကို ပေးအပ်လှူဒါန်းသည်။

ရိုးရာဝတ်စားဆင်ယင်မှု ပြပွဲကျင်းပ

ကချင်ပြည်နယ် ဟိုပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်ထားသော မူကြိုကျောင်းရင်သွေးငယ်များ၏ တိုင်းရင်းသား ရိုးရာဝတ်စားဆင်ယင်မှု ပြပွဲနှင့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ဖေဖော်ဝါရီ ၁၂ရက်က အဆိုပါမူကြိုကျောင်း၌ ကျင်းပရာ အခမ်းအနားတွင် ရင်သွေးငယ်လေးများက တိုင်းရင်းသား ရိုးရာ အဝတ်အစားများ ဝတ်ဆင်ပြသခဲ့ကြောင်း သိရသည်။

မြက်ခင်းတု ဟော်ကီကွင်းတည်ဆောက်

ရန်ကုန်မြို့ သိမ်ဖြူဟော်ကီအားကစားကွင်း၌ မြန်မာနိုင်ငံ၏ ပထမဦးဆုံး မြက်ခင်းတုဟော်ကီအားကစားကွင်းကို အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်နှင့် MMM ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီတို့က ပူးပေါင်း တည်ဆောက်လျက်ရှိရာ မြက်ခင်းတုခင်းခြင်းလုပ်ငန်းများ ပြီးစီး၍ ရေဖြန့်မှု စနစ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ ဟော်ကီအားကစားကွင်း၌ နွေရာသီဟော်ကီအားကစား အခြေခံသင်တန်းသူ၊ သင်တန်းသားများအား ရက်သတ္တ တစ်ပတ်လျှင် နှစ်ကြိမ်လေ့ကျင့်ပေးသွားမည် ဖြစ်သည်။

ရောဝတီတိုင်း ပုသိမ်မြို့မှ ရွှေမြင်းပျံ ဟာလဝါလုပ်ငန်း စက်မှုလက်မှုပေါင်းစပ်သော အိမ်တွင်းစီးပွားရေးလုပ်ငန်းတစ်ခုဖြစ် ဒေသထွက်ကုန်အဖြစ် ထင်ရှားကျော်ကြားခဲ့သည်မှာ နှစ်ပေါင်း ၃၀ကျော်ပြီ

ကွင်းဆင်းလေ့လာမေးမြန်းတင်ပြသူ – သန်းသန်းနုနှင့် တင်မာဝင်း
ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

လက်ဆောင်ပေးမှုများသော ပုသိမ်မြို့၏ စားသုံးကုန်ပစ္စည်းတစ်မျိုးဖြစ်ပါတယ်။ ဦးကျော်အေး ရွှေမြင်းပျံ ဟာလဝါလုပ်ငန်း။ ဓာတ်ပုံ –တင်စိုး (မြန်မာ့အလင်း)

ပုဂ္ဂလိကပိုင်းဆိုင်ရာ စီးပွားရေးအခန်းကဏ္ဍတွင် လုပ်ငန်းရှင်များသည် လုပ်ငန်းအမျိုးမျိုး လုပ်ကိုင်လျက်ရှိကြရာ ရောဝတီတိုင်း ပုသိမ်မြို့မှ ရွှေမြင်းပျံ ဟာလဝါလုပ်ငန်းသည်လည်း ပြည်တွင်း ပုဂ္ဂလိက လုပ်ငန်းကဏ္ဍတွင် စက်မှုလက်မှု ပေါင်းစပ်သော အိမ်တွင်း စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် ပါဝင်လျက်ရှိပေရာ မြန်မာ့အလင်း သတင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၀ရက် နံနက်ပိုင်းက လုပ်ငန်းနှင့်ပတ်သက်၍ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းဝယ်ဖောက်ကားမှု စသည်ဖြင့် သိရှိလိုသည်များကို ကွင်းဆင်း တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

ပထမဦးစွာ ရွှေမြင်းပျံ ဟာလဝါ ထုတ်လုပ်ရာ နေရာဖြစ်သည့် အမှတ် ၂၉၈၊ (၈)ရပ်ကွက် မဟာဗောဓိလမ်း ပုသိမ်မြို့သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ရာ ရွှေမြင်းပျံ ဟာလဝါ ပိုင်ရှင် ဦးကျော်အေး၊ ဒေါ်စန်းစန်းမြင့်မိသားစုနှင့် လုပ်ငန်းတာဝန်ခံ ဦးမြင့်အောင်တို့က လှိုက်လှဲစွာ ကြိုဆိုခဲ့ကြပါသည်။

ရှေးဦးစွာ လုပ်ငန်းတာဝန်ခံ ဦးမြင့်အောင်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားရာ ၁၉၇၃ ခုနှစ်က စတင်၍ ရွှေမြင်းပျံ ဟာလဝါ လုပ်ငန်းကို ပိုင်ရှင် ဦးကျော်အေးက စတင်လုပ်ဆောင်လာခဲ့ရာ ပုသိမ်ဒေသထွက်ကုန် တစ်ခုအနေဖြင့် ထင်ရှားကျော်ကြားလာခဲ့သည်မှာ နှစ်ပေါင်း ၃၀ကျော် ရှိခဲ့ပေသည်။ ရွှေမြင်းပျံ ဟာလဝါသည် ပုသိမ်မြို့၏ သင်္ကေတ တစ်ခုပင် ဖြစ်ပေသည်။

ကောက်ညှင်း၊ ပေါ်ဆန်းဆန်များကို ဤသို့ စက်ကိရိယာများဖြင့် မုန့်နှစ်များ ကြိတ်ရသည်။ ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

အုန်းသီးခြစ်၊ အုန်းနို့ညှစ်သည့်လုပ်ငန်းများကို ဤသို့ စက်ကိရိယာများဖြင့် အသုံးပြုလုပ်ဆောင်သည်။
ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

ပါဝင်

ရွှေမြင်းပျံ ဟာလဝါတွင် ပါဝင်သောပစ္စည်းများမှာ ကောက်ညှင်း၊ ပေါ်ဆန်းဆန်၊ သကြား၊ အုန်းသီး၊ ရှမ်းနှမ်း၊ မြေပဲဆီသန့်၊ ထောပတ်ဆီတို့ ပါဝင်ပေသည်။

ထုတ်လုပ်ပုံ အဆင့်ဆင့်မှာ ဒယ်အိုးဆေး မီးမွှေးခြင်း၊ သကြားကို သန့်စင်ခြင်း၊ အုန်းနို့ထည့်ခြင်း၊ မုန့်နှစ်ထည့်ခြင်း၊မြေပဲဆီထည့်ခြင်း၊ ထောပတ်ဆီထည့်ခြင်း၊ ရှမ်းနှမ်းထည့်ခြင်းတို့ဖြင့် သတ်မှတ်ချိန်အတွင်း အရည်အသွေးပြည့်မီစွာ ထုတ်လုပ်လျက် ရှိသည်။

ထုတ်လုပ်သည့် နည်းစနစ်မှာ စစ်မှန်သော ကုန်ကြမ်းပစ္စည်းကို အသုံးပြုခြင်း၊ ဓာတုဗေဒပစ္စည်း လုံးဝမပါဝင်ခြင်း၊သန့်ရှင်းလတ်ဆတ်၍ အရသာရှိသော မုန့်များကိုနည်းစနစ်မှန်ကန်စွာ ထုတ်လုပ်ရောင်းချနေလျက်ရှိပါသည်။

ရောင်းချမှုမှာ ဆိုင်ခွဲနှစ်ခုကို ထားရှိကာ အမှတ်(၄၉/ခ) ကုန်သည်လမ်း (၄)ရပ်ကွက် ပုသိမ်မြို့နှင့် အမှတ် (၅) မုံရွာ ရေဦးလမ်းမကြီး (၁၅) ရပ်ကွက် ပုသိမ်မြို့တို့တွင် ဖွင့်လှစ်ရောင်းချလျက် ရှိသည်။အခြားမြို့နယ်များသို့ ဖြန့်ဖြူးရောင်းချခြင်း မရှိပေ။ ရွှေမြင်းပျံ ဟာလဝါထုတ်ကုန်အနေဖြင့် ဟာလဝါ အစိုနှင့် ဟာလဝါ အခြောက်ဟူ၍နှစ်မျိုးနှစ်စား ထုတ်လုပ်ကြောင်း၊ ဟာလဝါအစိုကို ၂၅ ကျပ်သားဝင်ဘူးအသေးနှင့် ၅၀ ကျပ်သားဝင်ဘူးအကြီး ထပ်မံခွဲခြား ထုတ်လုပ်ပါသည်။ ဟာလဝါအခြောက်ကို တစ်လက်မပတ်လည် အတုံးကလေးများ ငါးတုံးပါဝင်သော အတန်းငါးတန်း တစ်ထုပ်ပုံစံဖြင့် ထုတ်လုပ်ရောင်းချလျက် ရှိပါသည်။

ယခုအခါ ပြောင်းလဲတိုးတက်လာသော ခေတ်နှင့်အညီ အရသာ အကောင်းဆုံး ရွှေမြင်းပျံ ပုသိမ်ဟာလဝါဟု အသားတံဆိပ် ရိုက်နှိပ်၍ ဆီမယိုစိမ့်နိုင်အောင် စီမံထားသည့် ခေတ်မီလှပသော ကော်ဘူးများ အသွင်ဖြင့် ပြောင်းလဲထည့်သွင်းရောင်းချနေပြီ ဖြစ်ပါသည်။

ဟာလဝါလုပ်ငန်း ထုတ်လုပ်ပုံအဆင့်ဆင့်ကို လုပ်ငန်းတာဝန်ခံ ဦးမြင့်အောင်က ဤသို့ ရှင်းပြခဲ့သည်။ ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

ထုတ်လုပ်

လုပ်ငန်းထုတ်လုပ်မှု ပမာဏမှာ ပုံသေသတ်မှတ်ချက် မရှိဘဲ တပေါင်းလ မော်တင်စွန်းဘုရားပွဲနှင့်

ကျေးရွာတစ်ရွာ ကုန်ထုတ်လုပ်ငန်းတစ်ခု နိုင်ငံအကျိုးပြု

သင်္ကြန်ကာလများတွင် ရောင်းအားအမြင့်မားဆုံး ဖြစ်ကြောင်း၊ ပွဲနေ့ပွဲထိုင် အော်ဒါ မှာယူပါကလည်း ၎င်းတို့လုပ်ငန်းအတွက် လိုအပ်သည့်ပမာဏ၊ လိုအပ်သည့် အချိန်တွင် ကုန်ကြမ်းပစ္စည်း၊ ဝန်ထမ်းအင်အား အစဉ်သင့် ရှိနေသဖြင့် လိုအပ်သလို ထုတ်လုပ်နိုင်သဖြင့် အများဆုံး တစ်ပတ်စာခန့်အထိ သိုလှောင် ထုတ်လုပ်ပါကြောင်း လုပ်ငန်းတာဝန်ခံ ဦးမြင့်အောင်က ပြောကြားပါသည်။

အိမ်တွင်းစီးပွားရေး

ရွှေမြင်းပျံ ပုသိမ် ဟာလဝါလုပ်ငန်းသည် စက်မှုလက်မှုပေါင်းစပ်ကာ အိမ်တွင်းစီးပွားရေးလုပ်ငန်းငယ် အမျိုးအစား ဖြစ်သော်လည်း၊ ပုသိမ်မြို့၏အအောင်မြင်ဆုံး၊ သက်တမ်းရှည်ကြာဆုံးဖြစ်ကာ လူတန်းစားမရွေး စားသုံးနိုင်ပြီး၊ သန့်ရှင်းလတ်ဆတ်သည့် အရည်အသွေးကောင်းသော လူမျိုးမရွေး၊ ဘာသာမရွေး၊ရဟန်းရှင်လူပြည်သူအများ စားသုံးနိုင်သော မုန့်အာဟာရတစ်မျိုးဖြစ်သောကြောင့် အလှူမင်္ဂလာ အခမ်းအနားများ၌ ရဟန်း၊ သံဃာများအား အချိုပွဲ ဆက်ကပ်လှူဒါန်းနိုင်ခြင်း၊ ဧည့်ပရိသတ်များအား ကျွေးမွေးဧည့်ခံခြင်း၊ မိသားစုအလိုက် လွယ်ကူစွာ အချိန်မရွေး စားသုံးနိုင်ခြင်း၊ အနယ်နယ်၊ အရပ်ရပ်မှ အသိမိတ်ဆွေ ဧည့်သည်များအား လက်ဆောင်မွန်အဖြစ် လည်းကောင်း၊ ပြည်ပခရီးသွား ဧည့်သည်များ လက်ဆောင်မွန်အဖြစ် အသုံးပြုနိုင်ရန် အဆင့်မြင့်မြင့် ထုတ်လုပ်ရောင်းချလျက် ရှိပေသည်။

လက်ဆောင်ပေးမှုများသော ပုသိမ်မြို့၏ အရသာ အကောင်းဆုံး ရွှေမြင်းပျံ ပုသိမ် ဟာလဝါများ။ ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

ယခင်က ပုသိမ်မြို့သူ မြို့သားများ နှစ်သက်စွာ စားသုံးလေ့ရှိပြီး ခင်မင်သူ ဧည့်သည်မိတ်ဆွေများအား ကျွေးမွေးလက်ဆောင်ပေးရာမှ ပုသိမ်မြို့ဟု ဆိုလိုက်သည်နှင့် ပုသိမ်ထီးကဲ့သို့ပင် ပုသိမ်ဟာလဝါ ခွဲမရသော ပုံရိပ်တစ်ခု ဖြစ်ပေါ်လာရပေသည်။

တိုးပွားလာ

နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်ရေး ယခင်ကထက် များစွာဖွံ့ဖြိုးတိုးတက်လာသောကြောင့်လည်းကောင်း၊ နိုင်ငံအတွင်း စားသုံးသူ လူဦးရေတိုးပွားလာမှု၊ ပြည်တွင်းပြည်ပ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှု၊ အပန်းဖြေစခန်းများနှင့် ခရီးသွားလုပ်ငန်းများ ပေါ်ပေါက်လာမှု၊ ဒေသတွင်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမှု၊ ဘုရားပွဲတော်များနှင့် ရာသီအလိုက် ပွဲတော်များ ပိုမိုစည်ကားစွာ ကျင်းပလာနိုင်မှုတို့ကြောင့် နိုင်ငံအတွင်းပြည်သူများ ကူးလူးဆက်သွယ်မှုများပြားလာကာ ဝယ်ယူလက်ဆောင်ပေးမှုများ တိုးပွားလာခဲ့ပေသည်။

ပုသိမ်မြို့၏ လက်ဆောင်မွန် ရွှေမြင်းပျံ ဟာလဝါမုန့်ကို ပြည်တွင်း၊ ပြည်ပ ခရီးသွားပြည်သူများ ဤသို့ဝယ်ယူသူ များပြားလှသည်။
ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

နည်းပညာ

ဝယ်လိုအား တိုးလာသည်နှင့်အမျှ လက်ရှိပိုင်ရှင်ဖြစ်သော ဦးကျော်အေး လက်ထက်တွင် မိဘများနှင့် လုပ်ကိုင်လာခဲ့သော လုပ်ငန်းအတွေ့အကြုံ လုပ်ငန်း၏ အားနည်းချက်၊ အားသာချက်များ လုပ်ငန်းအတွင်း စီမံခန့်ခွဲမှုများကို တဖြည်းဖြည်း အချိန်ယူသုံးသပ်ကာ စက်မှုလက်မှုပေါင်းစပ်သော နည်းပညာသစ်များဖြင့် ပိုမိုကောင်းမွန်အောင် တိုးချဲ့ထုတ်လုပ်နိုင်ခဲ့ပါသည်။

ရွှေမြင်းပျံ အရောင်းဆိုင်၏ အဓိကကုန်ပစ္စည်း ဟာလဝါအပြင် ရောဝတီတိုင်း ထွက်ကုန်ဖြစ်သော ပုစွန်ခြောက်၊ငါးမုန့်၊ကျောက်ပွင့်နှင့် ရေထွက်ပစ္စည်းများ ပူးတွဲရောင်းချလျက်ရှိရာ ခရီးသွားဧည့်သည်များအနေဖြင့် ရွှေမြင်းပျံ ဟာလဝါဆိုင်၌ ရောဝတီတိုင်း၏ ထွက်ကုန်များကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပါကြောင်း ကွင်းဆင်းမေးမြန်း လေ့လာတင်ပြ လိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

မော်ရင်ဟိုနှင့် အာစင်ဝင်းဂါး ကားလင်းဖလားမှာ ယနေ့ဆုံကြပြီ

စုစည်းတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဖေဖော်ဝါရီ ၂၄

ပရီမီယာလိဂ် ထိပ်သီးအသင်းများဖြစ်ကြသည့် ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့သည် ဖေဖော်ဝါရီ ၂၅ရက် (ယနေ့) ည ၉ နာရီခွဲတွင် ကားလင်းဖလားဗိုလ်လုပွဲကြီးကို ထောင်စုနှစ်အားကစားကွင်းကြီး၌ သူနိုင်ကိုယ်နိုင် အကြိတ်အနယ် ယှဉ်ပြိုင်ကြတော့မည် ဖြစ်သည်။

ကားလင်းဖလားကို မည်သူကိုင်မြှောက်နိုင်မလဲ။ (ဓာတ်ပုံ–အင်တာနက်)

ယခုသီတင်းပတ် အစောပိုင်းက အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးကတော့ ချန်ပီယံလိဂ်ဖလားကို ရယူပေးနိုင်သည့် မန်နေဂျာအချို့ကို အောင်မြင်သူအဖြစ် ထည့်သွင်း စဉ်းစားစရာ အကြောင်းမရှိကြောင်း ပြောကြားထားသည်။

အောင်မြင်

ထိုအခါ ၂၀၀၄ ခုနှစ်က ပေါ်တိုအသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလားကြီးကိုရယူခဲ့သည့် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုကလည်း "ကျွန်တော်ကတော့ ကျွန်တော့်ကိုယ်ကျွန်တော် အောင်မြင်တဲ့ မန်နေဂျာကြီးလို့ ထင်တယ်။ ဒါတောင် ကျွန်တော် အများကြီး လုပ်မပြသေးပါဘူးလို့" တုံ့ပြန် ပြောကြားခဲ့သည်ကို ဖေဖော်ဝါရီ ၂၃ ရက်က အင်တာနက်တွင် သတင်းဖတ်လိုက်ရသေးသည်။

အကောင်းဆုံး

"ကျွန်တော်ဟာ အကောင်းဆုံး မန်နေဂျာတော့မဟုတ်ပါဘူး၊ ဒါပေမယ့် ကမ္ဘာမှာ အုပ်စုရှစ်ခုထဲမှာ အဆင့် ၁၀၊ ၁၂၊ ၁၄လောက်မှာ ရှိပါတယ်"ဟု မော်ရင်ဟိုက ဆိုသည်။

မထွက်

ထို့အပြင် မော်ရင်ဟိုက ၎င်း၏ စာချုပ်မကုန်မီ ချယ်လ်ဆီးအသင်းမှ ထွက်ခွာမည်မဟုတ်ကြောင်း ထပ်လောင်း ပြောကြားခဲ့သည်။ ချယ်လ်ဆီးက မိမိထွက်ခွာရန် နည်းလမ်းနှစ်ခုသာရှိကြောင်း၊ နည်းလမ်းတစ်ခုမှာ ၂၀၁၀ ပြည့်နှစ် ဇွန်လတွင် ဖြစ်ကြောင်း၊ ဒုတိယနည်းလမ်းမှာ ချယ်လ်ဆီးက မိမိကိုအလုပ်ဖြုတ်သည့်နေ့ဖြစ်ကြောင်း၊ တတိယနည်းလမ်းမှာ မိမိဘာသာနုတ်ထွက်ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း မိမိအနေဖြင့် ထိုသို့ထွက်ခွာလိမ့်မည်သူမဟုတ်ကြောင်း မော်ရင်ဟိုက ပြောကြားသည်။

ရယူ

မော်ရင်ဟိုသည် ပေါ်တိုအသင်းနှင့်အတူ ပေါ်တူဂီဖလား၊ ယူအီးအက်ဖ်အေဖလားနှင့် ချန်ပီယံလိဂ်ဖလားများကို ရယူခဲ့ပြီးနောက် ချယ်လ်ဆီးသို့ ရောက်ရှိလာသော မန်နေဂျာဖြစ်သည်။ ချယ်လ်ဆီးသို့ ရောက်သည့်နှစ်မှာပင် ချယ်လ်ဆီးအသင်းကို ဦးစွာ ရယူပေးခဲ့သည့်ဖလားမှာ ကားလင်းဖလား ဖြစ်သည်။

အကောင်းဆုံးမန်နေဂျာ

"ကျွန်တော်ဟာ ကျွန်တော့်နိုင်ငံရဲ့ ဘောလုံးသမိုင်းမှာတော့ အကောင်းဆုံး မန်နေဂျာ ဖြစ်ပါတယ်။ ပေါ်တူဂီအသင်းဟာ ကမ္ဘာမှာ တတိယအဆင့်မှာရှိတဲ့ အသင်းတော့မဟုတ်ပါဘူး"ဟူ၍လည်း မော်ရင်ဟိုက ပြောကြားသည်။

နှစ်နှစ်ဆက်တိုက်

ကျွန်တော်အင်္ဂလန်ကို ရောက်လာပြီး ချယ်လ်ဆီးအသင်းကို အနှစ်၅၀ ကြာဝေးကွာနေတဲ့ ဖလားကို ပထမနှစ်မှာ ရယူပေးနိုင်ခဲ့တယ်။ ဒီဖလားကို ကျွန်တော် နှစ်နှစ်ဆက်တိုက်တောင် ရပြီးပြီလို့လည်း ၎င်းက ပြောကြားသည်။

ကျော်ဖြတ်

ထိုအတောအတွင်း အာစင်ဝင်းဂါးကလည်း "အာဆင်နယ် လူငယ်များဟာ ဗိုလ်လုပွဲသို့ တက်လှမ်းရာလမ်းကြောင်း တစ်လျှောက်မှာ အဲဗာတန်၊ လီဗာပူးနှင့် စပါးအသင်းတို့ကို ကျော်ဖြတ်အနိုင်ယူခဲ့သည့် စိတ်ဓာတ် ခံယူချက်ကို ဘယ်တော့မှ ပြောင်းလဲလိမ့်မည်မဟုတ်ကြောင်း" ထုတ်ဖော်ပြောကြားလိုက်သည်။

အတွေ့အကြုံ

မိမိသည် မိမိ၏ ကစားသမားများ အပေါ် အပြည့်အဝ ယုံကြည်မှုရှိကြောင်း၊ ချယ်လ်ဆီးနှင့် ကစားမည့်ပွဲသည် အတွေ့အကြုံနှင့် စွမ်းဆောင်ရည်ပေါ်တွင် အခြေခံလိမ့်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက "ကျွန်တော်ကတော့ ကျွန်တော့်ကိုယ် ကျွန်တော် အောင်မြင်တဲ့ မန်နေဂျာကြီးလို့ ထင်တယ်။ ဒါတောင် ကျွန်တော် အများကြီး လုပ်မပြသေးပါဘူး"ဟုဆိုသည်။

ချယ်လ်ဆီးမန်နေဂျာ မော်ရင်ဟို(ဝဲ)**နှင့် အာဆင်နယ်မန်နေဂျာ အာစင်ဝင်းဂါး။** (ဓာတ်ပုံ–အင်တာနက်)

ပါဝင်မည်

ချယ်လ်ဆီးအသင်းတွင် ဂျွန်တယ်ရီမှ လွဲ၍ ထိပ်တန်းကစားသမားများ ပွဲထွက်လာမည်ဖြစ်သကဲ့သို့ အာဆင်နယ်အသင်းတွင်လည်း ဗန်ပါစီနှင့် အွန်နရီတို့မှလွဲ၍ ထိပ်တန်းအကျော်အမော်များဖြင့် ပွဲထွက်လာမည် ဖြစ်သည်။

အနိုင်မရ

အာဆင်နယ်အသင်းသည် ၂၀၀၄ ခုနှစ်က စတမ်းဖို့ဒ်ဘရစ်၌ ချယ်လ်ဆီးအသင်းကို ပရီမီယာလိဂ်တွင် နှစ်ဂိုး–တစ်ဂိုးဖြင့်အနိုင်ရပြီးနောက် ချယ်လ်ဆီးအသင်းကို အနိုင်မရသေးဘဲ ရှိသည်။

သရေ

ယခုနှစ် ရာသီတွင် ယင်းတို့နှစ်သင်းသည် စတမ်းဖို့ဒ်ဘရစ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ကြသည်။ ၎င်းအသင်း နှစ်သင်း ယခုဆုံတွေ့မည့်ပွဲသည် (၁၆၅)ကြိမ်မြောက် ဆုံတွေ့မှုဖြစ်သည်။ ယင်းတို့တွင် အာဆင်နယ်က ၆၇ပွဲနိုင်ပြီး ပွဲ၅၀ သရေကစားနိုင်ခဲ့သည်။

ရှုံးပွဲမရှိ

ချယ်လ်ဆီးအသင်းသည် အာဆင်နယ်နှင့် ကစားခဲ့ရာတွင် ရှစ်ပွဲဆက်တိုက် ရှုံးပွဲမရှိသည့် အသင်းဖြစ်သည်။ ယင်းရှစ်ပွဲတွင် ပရီမီယာလိဂ်၌ သုံးပွဲနိုင်၊ နှစ်ပွဲသရေပါဝင်သည်။ ချန်ပီယံလိဂ်ကစားရာတွင်လည်း တစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သည်။ အာဆင်နယ်အသင်းသည် ယခုယှဉ်ပြိုင်မည့် ထောင်စုနှစ်အားကစားကွင်းသို့ (၁၀)ကြိမ်မြောက်အဖြစ် သွားရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။ ယင်းကွင်း၌ ခြောက်ကြိမ်တိုင်အနိုင်ရပြီး ရှုံးပွဲ သုံးပွဲကြုံခဲ့သည်။

စောင့်ကြည့်

မည်သို့ပင်ဖြစ်စေကာမူ မော်ရင်ဟို၏ ချယ်လ်ဆီးအသင်းနှင့် အာစင်ဝင်းဂါး၏ အာဆင်နယ်အသင်းတို့ ထောင်စုနှစ် အားကစားကွင်းကြီး၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည့် မြင်ကွင်းကို ဘောလုံး ပရိသတ်များအနေဖြင့် စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်ပါသည်။ ။

(ကိုးကား–အင်တာနက်သတင်း)

ယခုသီတင်းပတ် အစောပိုင်းက အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးကတော့ "ချန်ပီယံလိဂ်ဖလားကို ရယူပေးနိုင်သည့် မန်နေဂျာအချို့ကို အောင်မြင်သူအဖြစ် ထည့်သွင်း စဉ်းစားစရာ အကြောင်းမရှိကြောင်း" ပြောကြားထားသည်။

ကမ္ဘာ့တစ်လွှား အားကစား

ဦးခေါင်းဒဏ်ရာကြောင့် ဂျွန်တယ်ရီ သီတင်းပတ်အနည်းငယ် အနားယူရမည်

လန်ဒန် ဖေဖော်ဝါရီ ၂၄

ချယ်လ်ဆီးကွင်းလယ်ကစားသမားဂျွန်တယ်ရီသည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၁ရက်က ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ပေါ်တိုအသင်းနှင့် ကစားခဲ့ရာ ဦးခေါင်းဒဏ်ရာ ရရှိခဲ့သဖြင့် အနားယူရမည်ဖြစ်ကြောင်း ချယ်လ်ဆီးကလပ်က ပြောကြားသည်။

ကိုးကားတင်ပြသူ – မောင်မောင်မြင့်ဆွေ

ပြောကြား

ဂျွန်တယ်ရီသည် ဦးခေါင်းအဆစ်လွဲမှုဒဏ်ရာရှိခဲ့သဖြင့် သီတင်းပတ် အနည်းငယ်ကြာအနားယူရမည်ဖြစ်သည်။ သို့သော်လည်း ဂျွန်တယ်ရီ၏ ဒဏ်ရာမှာ ပြင်းထန်ဆိုးရွားသောဒဏ်ရာမဟုတ်သဖြင့် အမြန်ဆုံး သက်သာလာမည်ဖြစ်ကြောင်း မော်ရင်ဟိုက ပြောကြားသည်။

ဦးခေါင်းဒဏ်ရာရရှိသွားသော ဂျွန်တယ်ရီ။
(ဓာတ်ပုံ–အင်တာနက်)

ပြန်လာမည်

ဂျွန်တယ်ရီ၏ ဦးခေါင်းဒဏ်ရာမှာ သီတင်းတစ်ပတ်ခန့် အနားယူကုသလိုက်လျှင် ပြန်လည်ကောင်းမွန်လာပြီး ဘောလုံးပွဲများ ပြန်ကစားလာနိုင်မည်ဖြစ်သည်ဟုလည်း ၎င်းက ပြောကြားသည်။ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ပေါ်တိုနှင့်ပွဲတွင် ဂျွန်တယ်ရီသည် ခုနစ်မိနစ်ခန့် ကစားခဲ့ပြီးနောက် ဦးခေါင်းဒဏ်ရာရရှိ ခဲ့ခြင်းဖြစ်သည်။ တယ်ရီဒဏ်ရာ ရရှိခြင်းသည် စိတ်ပျက်ဖွယ်ရာ သတင်းဖြစ်ကြောင်း မော်ရင်ဟိုက ပြောကြားသည်။ **(အင်တာနက်)**

ဆွီဒင်ကွင်းလယ်ကစားသမား ကာဘူးစ် စီအက်စ်ကေအေသို့ ပြောင်းမည်

လန်ဒန် ဖေဖော်ဝါရီ ၂၄

မော်ရိုကိုဘောလုံးအသင်း ကွင်းလယ်ကစားသမား အက်ဘာကာဘူးစ်သည် စီအက်စ်ကေအေဆိုဖီရာကလပ်သို့ သွားရောက် ကစားတော့မည်ဖြစ်ကြောင်း သိရသည်။

ကစားနေ

အသက် (၂၃)နှစ်အရွယ် အက်ဘာကာဘူးစ်သည် နှစ်နှစ်ခွဲစာချုပ်အဖြစ် စီအက်စ်ကေအေအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ပြီး လောလောဆယ်တွင် ဆွီဒင်ကလပ် အိုင်အက်ဖ်ကေနောကိုပင်အသင်းတွင် ကစားနေသူဖြစ်သည်။

ရောက်ရှိ

ယခုအခါ စီအက်စ်ကေအေဆိုဖီရာနှင့် စာချုပ် ချုပ်ဆိုခဲ့ပြီးဖြစ်ရာ ယခုသီတင်းပတ်ကုန်၌ တရားဝင် ပြောင်းရွှေ့ကစားတော့မည်ဖြစ်သည်။ စီအက်စ်ကေအေအသင်းအတွက် အက်ဘာကာဘူးစ်သည် ယခုနှစ်ဆောင်းရာသီ၌ တတိယမြောက် စာချုပ်ချုပ်ဆို ရောက်ရှိလာသူဖြစ်သည်။

စီအက်စ်ကေအေတွင် ယခုနှစ် ဆောင်းရာသီ၌ နိုင်ဂျီးရီးယားတိုက်စစ်မှူး အူဒိုဂျေနှင့် ဘရာဇီးကွင်းလယ်ကစားသမား ဒါနေးလ်မိုရာလက်စ်တို့ကို ခေါ်ယူနိုင်ခဲ့ပြီ ဖြစ်သည်။ **(အင်တာနက်)**

စီအက်စ်ကေအေသို့ ပြောင်းရွှေ့ကစားမည့် မော်ရိုကို ကွင်းလယ်ကစားသမား။
(ဓာတ်ပုံ–အင်တာနက်)

မော်ရက်စမိုနှင့် ဂျူစတင်ဟာနင် ဒူဘိုင်းဖလားလုကြမည်

ဒူဘိုင်း ဖေဖော်ဝါရီ ၂၄

ပြင်သစ်တင်းနစ်အားကစားမယ် မော်ရက်စမိုသည် ဒူဘိုင်းအိုးပင်းတင်းနစ်အားကစားပြိုင်ပွဲတွင် ရုရှားမှ ဂျန်ကိုဗစ်ကို အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ သူမသည် ဘယ်လ်ဂျီယံမှ ဂျူစတင်ဟာနင်ဟာဒင်းနှင့် ဗိုလ်လုပွဲယှဉ်ပြိုင်ရမည် ဖြစ်သည်။ ဟာနင်ဟာဒင်းသည် ရုရှားမှ ကွတ်ဇ်ညက်ဆိုဗာကို အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်လာခြင်း ဖြစ်သည်။ **(အင်တာနက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု ပထဝီဝင်ဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ
ပထဝီဝင် ဘာသာသိမှတ်ဖွယ်ရာ

မင်္ဂလာပါတပည့်တို့.–

အခြေခံပညာအထက်တန်း တက္ကသိုလ်ဝင်တန်း ပထဝီဝင်သင်ရိုးတွင် သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ရွေးချယ်နိုင်ငံများပထဝီဝင်နှင့် လက်တွေ့ပထဝီဝင်ဟူ၍ အပိုင်းကြီး ငါးပိုင်း ပါဝင်ပါတယ်။

အပိုင်း(က) သဘာဝပထဝီဝင်အပိုင်းတွင် ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာ့မြေထုအပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာလှုပ်ရှားခြင်း၊ ကမ္ဘာ့ကုန်းမြေသဏ္ဍာန်များ၊ အိုင်များ၊ စိမ့်များနှင့် ကျွန်းများ အကြောင်းပါဝင်သည်။

အပိုင်း(ခ) စီးပွားရေးပထဝီဝင်အပိုင်းတွင် သတ္တုတွင်းထွက်ပစ္စည်း တူးဖော်ခြင်းလုပ်ငန်း၊ သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်း တူးဖော်ခြင်းလုပ်ငန်း၊ ရေအား၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနှင့်ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်သည်။

အပိုင်း(ဂ) မြန်မာနိုင်ငံပထဝီဝင်အပိုင်းတွင် မြန်မာနိုင်ငံ၏ စီးပွားရေးကုန်ထုတ်လုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်သည်။

အပိုင်း(ဃ) ကမ္ဘာ့ရွေးချယ်နိုင်ငံများ ပထဝီဝင်အပိုင်းတွင် အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း(ဗြိတိန်) နိုင်ငံအပြင် ပြင်သစ်နိုင်ငံနှင့် ဂျာမနီနိုင်ငံများလည်း ထည့်သွင်းထားသည်။

အပိုင်း(င) လက်တွေ့ပထဝီဝင်အပိုင်းတွင် စကေးများ၊ ကွန်တိုနှင့် ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများ၊ ကောင်းကင်ဓာတ်ပုံများကို လေ့လာပြန်ဆို တွက်ချက်ခြင်းများ ပါဝင်သည်။

တက္ကသိုလ်ဝင်တန်း ပထဝီဝင်မေးခွန်းပုံစံတွင် အပိုင်းခြောက်ပိုင်းပါဝင်ပြီး အပိုင်း(က)ဓမ္မဓိဋ္ဌာန်၊ အပိုင်း(ခ) သဘာဝပထဝီဝင်၊ အပိုင်း(ဂ) စီးပွားရေးပထဝီဝင်၊ အပိုင်း(ဃ) မြန်မာနိုင်ငံပထဝီဝင်၊ အပိုင်း(င) ကမ္ဘာ့ပထဝီဝင်နှင့် အပိုင်း(စ) လက်တွေ့ပထဝီဝင် မေးခွန်းများဟူ၍ ဖြစ်သည်။ ၎င်းအနက် အပိုင်း(က)နှင့် (စ)မှ မေးခွန်းအားလုံးကို ဖြေဆိုရမည်ဖြစ်ပြီး ကျန်အပိုင်းတစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်းခြောက်ပုဒ် ဖြေဆိုရမည်ဖြစ်သည်။ လိုအပ်သော နေရာများတွင် မြေပုံများ၊ သရုပ်ပြပုံများ၊ ပုံကြမ်းများ ရေးဆွဲပြီး ဖြေရမည်ဖြစ်သည်။ ဖြေဆိုချိန် ၃ နာရီဖြစ်ပြီး စုစုပေါင်း ပေးမှတ်မှာ ၁၀၀ ဖြစ်သည်။

ဓမ္မဓိဋ္ဌာန်တွင် သုံးပိုင်းပါဝင်ပြီး ၁၅ မှတ်ဖိုး ဖြေရမည်ဖြစ်သည်။ ၁(က) မှား/မှန်ရွေး၊ ၁(ခ) ကွက်လပ်ဖြည့်၊ ၁(ဂ) အဖြေမှန်ရွေးတို့ ဖြစ်သည်။

အပိုင်း(ခ)တွင် မေးခွန်းရှည် နှစ်ပုဒ်နှင့် မှတ်စုတိုမေးခွန်း စုစုပေါင်းသုံးပုဒ်မေးထားပြီး နှစ်သက်ရာ တစ်ပုဒ်ရွေး၍ ၁၅ မှတ်ဖိုးဖြေရမှာ ဖြစ်သည်။ ထို့နည်းတူ အပိုင်း(ဂ)၊ (ဃ)၊ (င) တွင်လည်း ၁၅မှတ်ဖိုးစီ ဖြေရမည်ဖြစ်၍ လေးပိုင်းအတွက် စုစုပေါင်း အမှတ် ၆၀ ရမည်။

လက်တွေ့ပထဝီဝင်အပိုင်း (စ) မေးခွန်း ၁၄(က)တွင် စကေးနှင့် ကောင်းကင်ဓာတ်ပုံ အကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုဖြစ်ပြီး ၁၀ မှတ်ဖိုးဖြေရမည်။ မေးခွန်း ၁၄(ခ) တွင် ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမည်ဖြစ်ပြီး ၁၅ မှတ်ပေးသည်။ ဓမ္မဓိဋ္ဌာန်ကဲ့သို့ မဖြေမနေရဖြစ်သည်။ ထို့ကြောင့် အပိုင်း(စ)တွင် စုစုပေါင်းပေးမှတ် ၂၅ မှတ်ဖြစ်သည်။

သီအိုရီအပိုင်းကို လေ့လာကျက်မှတ်သည့်အခါတွင် မြေပုံနှင့် အချက်အလက်များတွဲပြီး မြေပုံပါအချက်များကို သဘောပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိလွယ်သည့်အတွက် အလွတ်ကျက်ခြင်းထက် ပို၍ဖြေဆိုနိုင်သည်။ မေးခွန်းတွင်မေးထားသည့် လိုရင်းကိုသာဖြေရမည်ဖြစ်ပြီး သိတာတွေအားလုံးဖြေရမည် မဟုတ်ကြောင်း သတိပြုရပါမည်။ ကမ္ဘာ့ပထဝီဝင်အပိုင်းတွင် ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သည့် အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံများ ပါဝင်သည်။ နိုင်ငံတိုင်း၏ တည်နေရာ၊ အကျယ်အဝန်းနှင့် ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများကို သိရမည်။ ထို့ပြင် ရူပ ပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု–စီးပွားရေး ပထဝီဝင်ဟူ၍ ခွဲခြားလေ့လာမှတ်သားသင့်သည်။ ရူပ ပထဝီဝင်အပိုင်းတွင်တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နှင့် ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေဆီလွှာများပါဝင်သည်။ <u>သဘာဝပထဝီဝင်တွင် မြေမျက်နှာသွင်ပြင်မှ မြေဆီလွှာအထိသာ</u> ပါဝင်သည်။ လူမှုရေးပထဝီဝင်တွင် လူဦးရေ၊ လူမျိုးနှင့် <u>မြို့ကြီးများ</u> ပါဝင်သည်။ စီးပွားရေးပထဝီဝင်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်ပစ္စည်းတူးဖော်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင် ဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်သည်။ <u>စီးပွားကုန်ထုတ်လုပ်ငန်းတွင် စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိသာ</u> ပါဝင်သည်။ ဓမ္မဓိဋ္ဌာန်များကိုလည်း ဤအပိုင်းများမှ သိသင့်သော အချက်များကို မှား/မှန်၊ ကွက်လပ်ဖြည့်၊ အဖြေမှန်ရွေး စသည်ဖြင့်မေးနိုင်သည်ကို သတိပြုပါ။

ဆက်လက်ပြီး လက်တွေ့ပထဝီဝင်အပိုင်းမှာ စကေးများ၊ ကောင်းကင်ဓာတ်ပုံများ၏ စကေးကိုတွက်ချက်ခြင်း၊ ကွန်တိုနှင့် ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြ မြေပုံများကို လေ့လာပြန်ဆိုခြင်းများ ပါဝင်ပါသည်။ လက်တွေ့ တွက်ချက်ခြင်းများမပြုမီ စကေး၏ အဓိပ္ပာယ်၊ မြေပုံများပေါ်တွင် စကေးကိုမည်သို့ဖော်ပြရမည်၊ စကေးတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများ၊ အဓိက ပုံပြစကေးနှစ်မျိုး၏ တွက်ချက်ရေးဆွဲခြင်းကို သိထားသင့်သည်။

ပုံပြစကေးဆိုသည်မှာ မြေပြင်အကွာအဝေးတစ်ခုနှင့် အချိုးကျ မျဉ်းတစ်ကြောင်းရေးဆွဲပြီး ထိုမျဉ်းကို လိုအပ်သလို စိတ်ပိုင်းဖော်ပြခြင်းဖြစ်သည်။ အဓိကအားဖြင့် <u>စကေးစိပ်/အပြည့်စကေးနှင့် စကေးကျဲ/ အဖွင့်စကေး</u> ဟူ၍ နှစ်မျိုးရှိသည်။ ပုံပြစကေး ရေးဆွဲရာမှာ <u>တွက်ချက်ရန်နှင့် ဆွဲသားရန်</u>ဟူ၍ နှစ်ပိုင်းပါဝင်သည်။

ပုံပြစကေးများတွက်ရန် ဆွဲရန်အတွက် အနည်းဆုံးပြရမည့် ကိန်း၏ **“ယူနစ်”** ကို သတိပြုရန်လိုအပ်သည်။ ပေ၊ ကိုက်၊ ဖာလုံစသည်ဖြင့် မေးနိုင်သည့်အတွက် ပေးထားသော စာစကေး၊ အပိုင်းစကေး စသည်တို့ကို အရင်ဆုံးယူနစ်ပြောင်းလဲပေးရမည်။ ထို့ကြောင့် တစ်မိုင်မှာ ၆၃၃၆၀လက်မ (သို့မဟုတ်) ၅၂၈၀ပေ (သို့မဟုတ်) ၁၇၆၀ကိုက် (သို့မဟုတ်) ၈ ဖာလုံနှင့် ညီမျှပြီး လိုအပ်သလိုပြောင်းလဲ ပေးရမည်ဖြစ်သည်။ တွက်ချက်သည့်အခါ ရေးဆွဲရမည့်မျဉ်း၏ အလျားသည် လေးလက်မနှင့် ခြောက်လက်မကြားရှိလျှင် အသင့်တော်ဆုံး ဖြစ်သည်။ တွက်နည်းကို အဆင့်ဆင့် မှန်အောင်တွက်ရမည်။ တွက်၍ရသည့်အပေါ် မူတည်ပြီး စကေးမျဉ်းကို တိကျမှန်ကန်အောင်ဆွဲရန် စိတ်ပိုင်းသည့်အခါ အစိတ်အပိုင်းများ မှန်ကန်ညီညာအောင် စိတ်ပိုင်းရန် အဓိက လိုအပ်ချက် ဖြစ်သည်။

ဥပမာ ။ ။ ၂ လက်မလျှင် ၁ မိုင် စကေးကို ကိုက် ၁၀၀ အထိပြသနိုင်သော စကေးကျဲပုံ တစ်ပုံတွက်ချက်ရေးဆွဲပါ။ တွက်နည်းတွင် ပေးထားသော စကေးကို ပြသရန်နှင့် ညီအောင်ကိုက်အဖြစ် ယူနစ်ပြောင်းရမည်။

အခြေခံမျဉ်းအလျား ၆ လက်မ လိုအပ်၍ ၆ လက်မပေါ်ရှာပါက ၅၂၈၀ ကိုက် ရမည်။ အနီးဆုံး ၅၀၀၀ ကိုက်ဟုယူပါ။ ထို့နောက် အခြေခံမျဉ်းအလျားကို ၅၀၀၀ ကိုက်ပေါ်တွင် ပြန်ရှာပါက ဆွဲရမည့် ၅.၆၈ လက်မ အလျားကို ရမည်။ အခြေခံမျဉ်းပေါ်တွင် စိပ်ပိုင်းရန် အနီးဆုံးကို ပြရန်နှင့် စားပါက အပိုင်း၅၀ ထွက်မည်။ အပိုင်း ၅၀ ကို ဆခွဲပေးပါက (၅× ၁၀)ဖြစ်ပြီး မူလပိုင်း ၅ ပိုင်းနှင့် ထပ်ဆင့်ပိုင်း ၁၀ ပိုင်းဟူ၍ရမည်။ မူလပိုင်းတစ်ပိုင်း၏ တန်ဖိုး ၁၀၀၀ ကိုက်နှင့် ထပ်ဆင့်ပိုင်းတစ်ပိုင်း၏ တန်ဖိုး ၁၀၀ကိုက် များကိုရရှိပါမည်။ ထပ်ဆင့်ပိုင်းတစ်ပိုင်း၏ တန်ဖိုးသည် လိုအပ်သော ပြသရန် ကိုက် ၁၀၀ နှင့် ကိုက်ညီသည်။

တွက်နည်း

၂ လက်မလျှင် ၁ မိုင်စကေး

၂ လက်မလျှင် ၁ မိုင် × ၁၇၆၀ ကိုက်

၆ လက်မလျှင် = (၆ × ၁၇၆၀) / ၂ = ၅၂၈၀ ကိုက် (အနီးဆုံး ၅၀၀၀ ကိုက်ယူမည်)

၅၂၈၀ ကိုက်လျှင် ၆ လက်မ

၅၀၀၀ ကိုက်လျှင် = (၅၀၀၀ × ၆) / ၅၂၈၀ = ၁၂၅ / ၂၂ = ၅.၆၈ လက်မ

အပိုင်းပေါင်း = ၅၀၀၀ / ၁၀၀ = ၅၀ ပိုင်း (၅ × ၁၀) မူလပိုင်း ၅ ပိုင်း ၊ ထပ်ဆင့်ပိုင်း ၁၀ ပိုင်း

မူလပိုင်းတစ်ပိုင်း တန်ဖိုး = ၅၀၀၀ / ၅ = ၁၀၀၀ ကိုက်

ထပ်ဆင့်ပိုင်းတစ်ပိုင်း တန်ဖိုး = ၁၀၀၀ / ၁၀ = ၁၀၀ ကိုက်

ပုံဆွဲနည်းရှင်းလင်းချက်

၁။ တွက်ချက်၍ ရသော အလျား ၅.၆၈ လက်မအတိုင်း စကေးမျဉ်းကို တိကျစွာရေးဆွဲပါ။



၅ . ၆၈"

၂။ စကေးမျဉ်း၏လက်ဝဲဘက်အစွန်းမှ ထောင့်ကျဉ်းမျဉ်းဖြောင့်ဆွဲပါ။



၅ . ၆၈"

၃။ ထိုထောင့်ကျဉ်းမျဉ်းဖြောင့်ပေါ်တွင် (၅)ပိုင်းအညီ ကွန်ပါဖြင့် ပိုင်းပါ။

၄။ နောက်ဆုံးပိုင်းမှတ်နှင့် စကေးမျဉ်း၏ လက်ယာအစွန်းတို့ကို မျဉ်းဖြောင့်ဖြင့်ဆက်ပါ။

၅။ ထိုမျဉ်းနှင့် အပြိုင် ပိုင်းမှတ်များမှ စကေးမျဉ်းပေါ်သို့ မျဉ်းပြိုင်များရေးဆွဲပါ။

၆။ ထိုအခါ စကေးမျဉ်းပေါ်တွင် ပိုင်းလိုသည့်အရေအတွက် အပိုင်းကြီး(မူလပိုင်း) (၅) ပိုင်းကိုအညီအမျှပိုင်းပြီးဖြစ်မည်။

၇။ မူလပိုင်းတစ်ပိုင်းကို ထပ်ဆင့်ပိုင်း(၁၀)ပိုင်းအညီစိပ်ရန် စကေးမျဉ်း၏ လက်ဝဲဘက်အစွန်းမှ အပေါ်ဘက်သို့ မတ်မျဉ်းထောင်ပါ။အလားတူ စကေးမျဉ်းပေါ်ရှိ မူလပိုင်းတစ်ပိုင်းပိုင်းမှတ်မှ အောက်သို့မတ်မျဉ်းထောင်ပါ။



၅ . ၆၈"

၈။ ထိုမတ်မျဉ်းပေါ်တွင် အညီအမျှ (၁၀)ပိုင်းပိုင်းပါမတ်မျဉ်းများကို ၁ လက်မ ထောင်ပြီး၊ ၁ လက်မရှိ ၁၀ စိပ်ကို အညီအမျှပိုင်း မှတ်နိုင်သည်။

၉။ ထို ၁၀ ပိုင်း ပိုင်းမှတ်များကို ပုံတွင်ပြထားသည့်အတိုင်း မျဉ်းပြိုင်များဆက်လျှင် မူလပိုင်းကြီးတစ်ပိုင်းကို အညီအမျှ ၁၀ ပိုင်း ပိုင်းပြီးဖြစ်မည်။

၁၀။ အပိုင်းတန်ဖိုးများ တပ်ပေးရမည်။‘ဝ’ ကို ပထမပိုင်းမှတ်၌ရေးရမည်။ ‘ဝ’မှ လက်ယာဘက်သို့လည်းကောင်း၊ လက်ဝဲဘက်သို့ လည်းကောင်း အပိုင်းလိုက် တန်ဖိုးများရေးပြီး ယူနစ်အမျိုးအစား(ကိုက်)ကို ဖော်ပြရမည်။

၁၁။ ခေါင်းစဉ်တပ်ပေးရမည်။ အနည်းဆုံးတစ်ပိုင်း၏ တန်ဖိုးကို ပုံတွင် ဖော်ပြပေးရမည်။



စာမျက်နှာ ၁၆ ကော်လံ ၁သို့

စာမျက်နှာ ၁၅ မှအဆက်

ဆက်လက်ပြီး ကောင်းကင်ဓာတ်ပုံ လေ့လာပြန်ဆို တွက်ချက်ခြင်းအကြောင်းကို လေ့လာမည်။ ကောင်းကင်ဓာတ်ပုံဆိုသည်မှာ လေယာဉ်အမျိုးမျိုး၊ ဂြိုဟ်တု၊ ဒုံးပျံ စသည့်တို့မှ ရိုက်ကူးထားသော ဓာတ်ပုံများဖြစ်သည်။ ကောင်းကင်ဓာတ်ပုံများကို (၁) တစောင်းရိုက်ကောင်းကင်ဓာတ်ပုံ၊ (၂)အောက်တည့်ရိုက်ကောင်းကင်ဓာတ်ပုံဟူ၍ အဓိကနှစ်မျိုး ခွဲခြားနိုင်သည်။

တစောင်းရိုက် ကောင်းကင်ဓာတ်ပုံမှာ မိုးကုပ်စက်ဝိုင်းကို မြင်နိုင်သော တစောင်းမြင့် ကောင်းကင်ဓာတ်ပုံနှင့် မိုးကုပ်စက်ဝိုင်းကို မမြင်နိုင်သည့် တစောင်းနိမ့် ကောင်းကင်ဓာတ်ပုံဟူ၍ နှစ်မျိုး ထပ်မံခွဲခြားနိုင်သည်။ ကောင်းကင်ဓာတ်ပုံ၏ စကေးရှာသော ပုံသေနည်းများနှင့် တွက်ချက်နည်းများကို မှတ်မိအောင်လေ့လာထားရမည်။ ကောင်းကင်ဓာတ်ပုံ စကေးများနှင့်ပတ်သက်ပြီး သင်္ကေတများကိုသိထားလျှင် မေးခွန်းပုစ္ဆာမှာပါသော အကြောင်းအရာများကို လိုအပ်သည့်နေရာများတွင် အစားထိုးထည့်သွင်းပြီး ဖြေဆိုရန် ဖြစ်သည်။

ပုစ္ဆာများတွက်သည့်အခါ သတိပြုရမည့်အချက်များမှာ အချိုးစကေးတွင် ပိုင်းဝေသည် အစဉ်အမြဲ “၁” ဖြစ်ရမည်။ ပိုင်းဝေနှင့် ပိုင်းခြေ ယူနစ်တူအောင် ညှိပေးရမည်။ ကိုက်ညီမည့် ပုံသေနည်းများကို သုံးရမည်။ ပုံကြမ်းရေးဆွဲပေးသင့်သည်။ ပိုင်းဝေမှာ မြေပုံပေါ် (သို့မဟုတ်) ဓာတ်ပုံပေါ်အကွာအဝေးဖြစ်ပြီး ပိုင်းခြေမှာ မြေပြင်အကွာအဝေး ဖြစ်သည်။ ထိုအခါ မြေပုံအကွာအဝေးပေးထားပြီး မြေပြင်အကွာအဝေးကို ပေ၊ ကိုက်၊ မိုင် စသည်ဖြင့် ရှာခိုင်းလျှင် လိုအပ်သောယူနစ်ကို ပြောင်းပေးရမည်။

ကွန်တိုမြေပုံ လေ့လာဖြေဆိုခြင်း အပိုင်းတွင် (က)မှ (ခ) သို့ ဖြတ်ပိုင်းပုံ ရေးဆွဲခြင်း၊ မြေပုံပါဒေသ၏ ဧရိယာနှင့် လတ္တီကျူ၊ လောင်ဂျီကျူ ရှာဖွေခြင်း၊ မြန်မာနိုင်ငံ၏ မည်သည့် ပြည်နယ်၊ တိုင်းအတွင်း တည်ရှိသည်ကို အကြောင်းပြချက်နှင့် ဖြေဆိုခြင်း၊ မြေပုံပါဒေသ၏ ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု–စီးပွားရေး ပထဝီဝင်၊ စီးပွားကုန်ထုတ်လုပ်ငန်းများ စသည်ဖြင့် ပါဝင်သည်။

(က)မှ (ခ) သို့ ဖြတ်ပိုင်းပုံရေးဆွဲရာတွင် ဒေါင်လိုက်စကေးကို ဦးစွာရှာပေးရမည်ဖြစ်၍ ကွန်တိုမြေပုံတွင် ပေးထားသော အလျားလိုက်စကေးကို အသုံးပြုတွက်ချက် ရှာဖွေရမည်။ ဒေါင်လိုက်စကေးကို ရှာရာတွင် မြေမျက်နှာသွင်ပြင် အနိမ့်အမြင့်ပေါ်လွင်စေရန် ၅ ဆမှ ၁၀ ဆ အထိချဲ့သင့်သည်။ စကေးကို တစ်လက်မအပေါ် မူတည်ရှာရမည်။ ရလာသောအဖြေကို ပုံဆွဲရာ၌ လွယ်ကူအောင် အနီးဆုံးကိန်းပြည့်ကိုယူရမည်။ ဤနည်းသည် ပုံသေနည်းကဲ့သို့ မည်သည့်စကေးမဆို တွက်နိုင်ရမည်။

ဒေါင်လိုက်စကေးရှာရာတွင်

အလျားလိုက်စကေး ၁ လက်မ	=	၁ မိုင်
ဒေါင်လိုက်အဆချဲ့ခြင်း(၅ ဆ)		
၁ လက်မ × ၅ ဆ = ၅ လက်မ	=	၁ မိုင် (၅၂၈၀ ပေ)
၁ လက်မ	=	(၁ × ၅၂၈၀)/၅ = ၁၀၅၆ ပေ = ၁၀၀၀ ပေ (အနီးဆုံး)

ထို့ကြောင့် ဒေါင်လိုက်စကေး ၁ လက်မ = ၁၀၀၀ ပေ တွက်၍ စကေးရလျှင် ပေးထားသော ဂရပ်ပေါ်၌ ဖြတ်ပိုင်းပုံကို စကေးကိုက် ရေးဆွဲပေးရမည်။ ရေးဆွဲပုံ အဆင့်ဆင့်မှာ



ပထမဦးဆုံး ပေးထားသော ကွန်တိုမြေပုံပေါ်ရှိ (က)အမှတ်နှင့် (ခ)အမှတ်တို့ကိုရှာပြီး မျဉ်းဖြောင့်ဖြင့်ဆက်ပါ။



ပြီးလျှင် ‘က’ နှင့် ‘ခ’ ဖြတ်သန်းရာမျဉ်းအောက်ရှိ ကွန်တိုမျဉ်းများ၏ အမြင့်ပေများကို မှတ်ရမည်။ ဤသို့မှတ်သည့်အခါ ပေးထားသော ကွန်တိုခြားနားချက်ကို သတိပြုရမည်။ ကွန်တိုမျဉ်းသာမက မြစ်၊ ချောင်း၊ အင်းအိုင်၊ မြို့၊ ရွာ၊ လမ်းမှအစ အသေးစိတ်မှတ်သားရမည်။

ထို့နောက် ‘က’ ‘ခ’ ဖြတ်သန်းရာ မျဉ်းတစ်လျှောက် ကွန်တိုမြေပုံစာရွက်ကို ခေါက်ပါ။

ပြီးလျှင် ဂရပ်စာရွက်ပေါ်မှာ ပေးထားသော ကွန်တိုမြေပုံ၏ ‘က’ ‘ခ’ အလျားအတိုင်း အောက်ခြေအလျားလိုက် မျဉ်းကြောင်းကို တိကျစွာဆွဲပါ။ ‘က’ နေရာမှ ဒေါင်လိုက်မျဉ်း တစ်ကြောင်းနှင့် ‘ခ’ နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်းဆွဲပါ။ ထိုမျဉ်းများသည် အရှေ့ပိုင်းမှ တွက်၍ရထားသော ဒေါင်လိုက်စကေးကို ကိုယ်စားပြုထားသည့်အတွက် ယင်းမျဉ်းများပေါ်တွင် ဒေါင်လိုက်ကိန်း ဂဏန်းများ မှတ်သားရမည်။



ခေါက်ထားသောကွန်တိုမြေပုံ စာရွက်ကို မှတ်သားထားသည့်ဂရပ်စာရွက်၏ အောက်ခြေမျဉ်းတွင် ‘က’ ‘ခ’ အမှတ်အသားအကွာအဝေးအတိုင်း ဒေါင်လိုက်မျဉ်းနှင့် တစ်ထပ်တည်းကျအောင်ကပ်ပါ။ ပြီးလျှင် ကွန်တိုမြေပုံပေါ်ရှိ အမြင့်ပေများကို ဂရပ်စာရွက်ပေါ်သို့ စကေးကိုက် အမှတ်များချ၍မှတ်ပါ။

မှတ်ထားသောအစက်များကို ပြေပြစ်သည့်မျဉ်းကြောင်းများ လိုက်ဆက်လျှင် လိုအပ်သော မြေပြင်ပုံပေါ်ထွက်လာမည်ဖြစ်မည်။ ဤကဲ့သို့ ဆွဲသည့်အခါ သတိပြုရမည့်အချက်မှာ ‘က’နှင့် ‘ခ’ ကို ဘောင်၌ရှိသောနေရာအမြင့်များ၌ မှန်အောင်ရေးရန် လိုသည်။ မြစ်ဝှမ်းကျယ်ဖြစ်လျှင် ဇလားပုံ၊ ချောင်းငယ်များ၏နေရာတွင် V ပုံသဏ္ဌာန် အနည်းငယ်ချိုင့်ပေးရမည်။



ပုံတွင် ထင်ရှားသော မြစ်၊ ချောင်း၊ အင်းအိုင်၊ လမ်း စသည့်နေရာများကို မြားများပြပြီး ဖော်ပြရမည်။ ကုန်းမြေကိုလည်း အနက်(သို့မဟုတ်)အညိုရောင် ခြယ်ပေးသင့်သည်။ ပုံ၏အပေါ်တွင် ခေါင်းစဉ်တပ်ပြီးပုံ၏အောက်တွင် အလျားလိုက်နှင့် ဒေါင်လိုက်စကေး နှစ်မျိုးစလုံးဖော်ပြရမည်။

မြေပုံပါဒေသ၏ဧရိယာနှင့်တည်နေရာကိုဖော်ပြတဲ့အခါ

(၁) မြေပုံပါဒေသ၏ဧရိယာကို မြေပုံစကေးနှင့်အညီ တွက်ချက်၍ စတုရန်းမိုင်ဖြင့်ဖော်ပြရမည်။ ဥပမာ မြေပုံ၏စကေးသည် နှစ်လက်မလျှင် တစ်မိုင်ဖြစ်ပြီး ယင်းမြေပုံ၏ အလျားနှင့် အနံသည် ၈ လက်မနှင့် ၄ လက်မရှိပါက စကေးအရ မြေပြင်တွင်အလျား၄ မိုင်နှင့် အနံ၂မိုင်အသီးသီးရှိမည်။ ထို့ကြောင့် ပေးထားသော မြေပုံပါဒေသ၏အကျယ်အဝန်း ဧရိယာသည်(အလျား ၄မိုင်× အနံ ၂မိုင်) ၈ စတုရန်းမိုင်ရှိသည်။ အကယ်၍ တွက်ချက်ရရှိတဲ့အဖြေသည် ကိန်းပြည့်မဟုတ်ပါက အနီးစပ်ဆုံး ဖော်ပြနိုင်သည်။

(၂) မြေပုံပါဒေသ၏ တည်နေရာကိုဖော်ပြတဲ့အခါ နည်းနှစ်နည်းဖြင့် ဖော်ပြနိုင်တယ်၊ ပထမနည်းက သင်္ချာနည်းဖြစ်ပြီး မြေပုံ၏ဘောင်တွင် လတ္တီကျူနှင့် လောင်ဂျီကျူများကို မှတ်သားဖော်ပြထားလေ့ရှိသည်။ မေးခွန်းပါကွန်တိုမြေပုံဟာ မြန်မာနိုင်ငံအတွင်းရှိ ဒေသတစ်ခုဖြစ်တဲ့အတွက် ဖော်ပြထားတဲ့ ကိန်းဂဏန်းအနက် ၉၂° ကျော်သော ကိန်း၂ ခု သည် အရှေ့လောင်ဂျီကျူမျဉ်းများဖြစ်ပြီး ကျန် ၂၈° အောက်၂ ခုမှာ မြောက်လတ္တီကျူဖြစ်တာကို ခွဲခြားသိရှိထားသင့်တယ်။
ဥပမာ။ မြေပုံပါဒေသသည် မြောက်လတ္တီကျူ ၂၁° ၄၅′ နှင့် ၂၁° ၄၉′ အတွင်း အရှေ့လောင်ဂျီကျူ ၉၆° ၉′ နှင့် ၉၆° ၁၃′ အတွင်းတွင်ရှိသည်။
နောက်တနည်းမှာ မြေပုံပေါ်မှာပါရှိသည့်ထင်ရှားသော မြစ်ချောင်းစသည့် မြေပြင်လက္ခဏာများနှင့် မြို့ပြ ကျေးရွာများ ကိုမှီငြမ်းပြီး ဖော်ပြခြင်းဖြစ်တယ်။ ဥပမာ၊ ပေးထားတဲ့မြေပုံမှာ ထင်ရှားတဲ့မြို့ပြ ကျေးရွာမပါဘဲ ဧရာဝတီမြစ်အလယ် ဗဟိုမှဖြတ်စီးနေပါက **“မြေပုံမှာ ထင်ရှားတဲ့ မြို့ပြ ကျေးရွာမပါဘဲ ဧရာဝတီမြစ်ဝှမ်း၏ တစ်စိတ်တစ်ဒေသနှင့် ပတ်ဝန်းကျင်ဒေသဖြစ်သည်”** ဟု အကြမ်းအားဖြင့်ရေးနိုင်သည်။ အကယ်၍ ထင်ရှားသော မြို့တစ်မြို့(ဥပမာ–ရေနံချောင်းမြို့)ပါရှိပါက **“မြေပုံပါဒေသသည် ရေနံချောင်းမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသကို ဖော်ပြထားသည်”** ဟု ရေးနိုင်သည်။

(၃) မြေပုံပါဒေသသည် မည်သည့် ပြည်နယ်နှင့် တိုင်းအတွင်းပါဝင်သည်ကို ဖော်ပြရာမှာ မြေပုံ၌ပါဝင်သည့် မြို့ရွာ၊ မြစ်ချောင်း၊ အင်းအိုင်၊ တောင်တန်း၊ ကားလမ်း၊ ရထားလမ်းဆက်သွယ်မှုစသည့် အခြေအနေများကို စေ့စပ်သေချာစွာ လေ့လာပြီး ကြောင်းကျိုးဆက်စပ်၍ ဖော်ပြပေးရမယ်။ ဥပမာ။ မြေပုံတွင်ဂွမြို့နယ်ဟု တွေ့ရသဖြင့် ရခိုင်ပြည်နယ်၊ ရမည်းသင်းမြို့နယ် ဟု တွေ့ရသဖြင့် မန္တလေးတိုင်းအတွင်း တည်ရှိသည်။

မြေပုံပါဒေသ၏ ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုရေးပထဝီဝင်၊ စီးပွားရေးပထဝီဝင်စသည့် မေးခွန်းတွေကို ဖြေတဲ့အခါမှာ ရေးသားခြင်းမပြုမီ မြေပုံကို ရည်ညွှန်းချက်များပါ ပူးတွဲပြီး သေချာစွာလေ့လာကြည့်ရှုရမည်။ မြေပုံမှာပါတဲ့ ထင်ရှားသော လက္ခဏာများကိုသိမြင်ပြီး ဒေသတစ်ခုလုံးကို ခြုံငုံသဘောပေါက်မှသာ စတင်ရေးသားသင့်တယ်။

ရူပ ပထဝီဝင်တွင်

ဒေသ၏ တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်၊ ရေဆင်း၊ အောက်ခံကျောက်နှင့်တွင်းထွက်၊ ရာသီဥတု၊ သဘာဝပေါက်ပင်နဲ့ မြေဆီလွှာအကြောင်းတွေ ဖြေရမယ်။

သဘာဝပထဝီဝင်တွင်

မြေမျက်နှာသွင်ပြင်၊ ရေဆင်း၊ အောက်ခံကျောက်နှင့်တွင်းထွက်၊ ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေဆီလွှာတို့ အကြောင်းဖြေရမယ်။

လူမှုရေးပထဝီဝင်မှာ

လူဦးရေများ/သင့်/နည်း၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ မြို့နှင့်ရွာပျံ့နှံ့ တည်ရှိပုံ၊ ပုံသဏ္ဌာန် (ဥပမာ–ရွာတန်းရှည်၊ရွာစုရွာဝိုင်း) စသဖြင့် ဖြေရမယ်။

စီးပွားရေးပထဝီဝင်ဆိုပါက

စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်တူးဖော်ခြင်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနဲ့ ကူးသန်းရောင်းဝယ်ရေး စသည်တို့ကို ဖြေရမယ်။ အကယ်၍ စီးပွားရေးကုန်ထုတ်လုပ်ငန်းဆိုပါက စိုက်ပျိုးရေးမှ စက်မှုလက်မှုလုပ်ငန်းအထိပဲရေးရမယ်။

မြေပုံပါဒေသ၏ ပထဝီဝင်ကို ဖတ်ရှုရေးသားရာတွင် အတွေ့အကြုံလည်းများစွာ လိုအပ်တယ်၊ ဒါ့ကြောင့် ကွန်တိုမြေပုံ အများအပြားကို ကြည့်ရှုလေ့လာထားရမယ်။ ရေးသားဖြေဆိုရာမှာ ကြောင်းကျိုးဆက်နွယ် ဖြေဆိုရန်လိုအပ်တယ်၊ မြေပုံပါအချက်အလက်တွေကိုပဲ ဖြေရမှာဖြစ်လို့ သေချာစွာလေ့လာဖြေဆိုပါ။

ဆက်လက်ပြီးပေးထားတဲ့ ကွန်တိုမြေပုံဖတ်ရှုရေးသားခြင်းအကြောင်းကို လေ့လာကြရအောင်

စာမျက်နှာ ၁၇ ကော်လံ ၁ သို့

ဦးကံညွန့်မောင်
အင်္ဂလိပ်သဒ္ဒါနှင့်စကားပြောသင်တန်း
IELTS, TOEFL, GCSE, SAT
Cultural Literacy

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။ တင်ဒါအမှတ်-၃၂/မမ/ပြည်တွင်း/ 06-07

စဉ် ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။ ဖယောင်းတိုင်(၁၂ကျပ်သား/၃၂တိုင်)	၆၄၂၂၄ ထုပ်
၂။ ဓာတ်ခဲ(1.5V),(R 20D)	၁၃၉၈၇၄ လုံး

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် ၁-၃-၂၀၀၇(ကြာသပတေးနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၂-၂-၂၀၀၇)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၈၄(၂၀၁၅၅၅-လိုင်းခွဲ-၆၀၁၊၆၁၃)။

မြန်မာ့အလင်း မြို့နယ်သတင်းထောက်ကတ်ပြားအသစ်များ စိစစ်လဲလှယ်ပေးမည်

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်မှ ခန့်အပ်တာဝန်ပေးခဲ့သော ပြည်နယ်နှင့်တိုင်းအသီးသီးမှ မြို့နယ်သတင်းထောက်များ၏ သတင်းထောက်ကတ်ပြားများကို ပြန်လည်စိစစ်လဲလှယ်ပေးမည် ဖြစ်ပါ၍ ၃၁-၃-၂၀၀၇ ရက်(စနေနေ့)နောက်ဆုံးထားပြီး အောက်ဖော်ပြပါ အချက်အလက်များနှင့်အတူ ဤသတင်းစာတိုက်သို့ ပေးပို့ကြရန်ဖြစ်ပါသည်-

(က) လွန်ခဲ့သော (၃)လအတွင်း ရိုက်ကူးထားသည့် ပတ်စပို့အရွယ် ဓာတ်ပုံ(၂)ပုံ၊
(ခ) ကိုယ်ရေးအကျဉ်းချုပ်၊
(ဂ) အမျိုးသားမှတ်ပုံတင် (သို့) နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ၊
(ဃ) သတင်းထောက်အဖြစ် ဆက်လက်ဆောင်ရွက်လိုကြောင်း ဆန္ဒပြုလွှာ
(င) သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သက်ရှိထင်ရှားရှိပြီး သတင်းထောက်အဖြစ် ဆက်လက်ခန့်ထားသင့်ကြောင်း ထောက်ခံချက်၊
(စ) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်၊
(ဆ) မြို့နယ်သတင်းထောက်ကတ်ပြားအဟောင်းကို ပြန်လည်အပ်နှံရပါမည်။

၂။ နောက်ဆုံးထားပေးပို့ရမည့်ရက်ထက် ကျော်လွန်ရောက်ရှိလာသူများအား မြို့နယ်သတင်းထောက်များစာရင်းမှ ပယ်ဖျက်သွားမည် ဖြစ်ပါသည်။

မြန်မာ့အလင်းသတင်းစာတိုက်။

ဝန်ထမ်းအလိုရှိသည်

(မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌သာခန့်ထားရန်)

(1) Admin and Account မ(၁)ဦး
တက္ကသိုလ်တစ်ခုခု၌ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
Bookeeping and Account နားလည်တတ်ကျွမ်းရမည်။

(2) Sales and Marketing Executive ကျား(၆)ဦး
တက္ကသိုလ်တစ်ခုခု၌ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
Sales and Marketing နားလည်တတ်ကျွမ်းရမည်။
Customer နှင့် ပြေပြစ်စွာပြောဆိုဆက်ဆံနိုင်ရမည်။

အမှတ်စဉ်(၁)နှင့်(၂)အတွက်
အင်္ဂလိပ်စာအရေး၊ အပြော တတ်ကျွမ်းရမည်။
လုပ်သက်အတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။
သင့်တော်သော လစာပေးမည်။

ကိုယ်ရေးရာဇဝင်၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းလက်မှတ်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၁)ပုံနှင့်အတူ အောက်ပါလိပ်စာအတိုင်း ကြော်ငြာပါသည့်ရက်မှ (၂)ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ-

ရေပြာအေးကုမ္ပဏီလီမိတက်
အမှတ် ၇၄၊ မြေညီထပ်၊ လမ်းသစ်လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၂၇၇၃၉၊ ၂၂၅၂၇၈။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လရ/၁၇၁၂၄ Lon cin 110(mic) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းခမ်းမိုင် မှတ်ပုံ တင်အမှတ် ၁၃/လရန(နိုင်)၀၂၆၇၁၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပြည်နယ်ရုံး(လားရှိုး)။

ဝမ်းနည်းကြေကွဲခြင်း

သမားတော်ကြီး ဦးကျော်စိန်
တိုင်းရင်းဆေးကောင်စီဝင်(ငြိမ်း)
အသက်(၇၁)နှစ်

တိုင်းရင်းဆေးပညာလောကအတွက် တန်ဖိုးမဖြတ်နိုင်သော ဆရာကြီး ဦးကျော်စိန် (တိုင်းရင်းဆေးကောင်စီဝင်၊ ငြိမ်း) အသက် (၇၁)နှစ်သည် ၂၃-၂-၂၀၀၇ ရက် နံနက်၄း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် တပည့်များအားလုံးမှ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲ ဝမ်းနည်းမဆုံး ဖြစ်ရပါကြောင်း။

တိုင်းရင်းဆေးပညာဦးစီးဌာနမှ တပည့်များ၊
နေပြည်တော်။

အပ္ပင့်လှလှ

သဇင်၃၊ သဇင်တိုင်
စိုက်ပြီးသဇင်တိုင်
အမှတ်၅၃၅၊ သုမင်္ဂလာလမ်း၊
၁၁ရပ်ကွက်၊ တောင်ဥက္ကလာ၊
ဖုန်း-၅၆၀၅၆၇၊ ၅၇၂၄၉၇။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍ များကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ် နာဆာ အယ် မိုဟာမက် အယ် အာမက် အယ် ဂျာဘားအယ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် စက်မှုဇုန်များထူထောင်ဖြည့်ဆည်းအားပေးနေ
အရည်အသွေးမီစက်ကိရိယာပစ္စည်းများ ထုတ်လုပ်နိုင်သည်အထိ တီထွင်ကြံဆကြိုးပမ်း
အေးသာယာစက်မှုဇုန်တွင် လယ်ယာသုံးစက်ကိရိယာနှင့် မော်တော်ယာဉ်မျိုးစုံထုတ်လုပ်နိုင်ရေး
သံရည်ကျိုအလုပ်ရုံ၊ စက်ခုတ်စားအလုပ်ရုံ၊ ပုံဖိုပုံထောင်းအလုပ်ရုံများကို နိုင်ငံတော်ကတည်ထောင်ပေးခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၂ရက် နံနက် ၁၁နာရီခွဲက ရှမ်းပြည်နယ် တောင်ကြီး အေးသာယာစက်မှုဇုန်၌ လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရှင်းလင်းပြသ

ရှေ့ဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အေးသာယာမြို့သစ် စက်မှုဇုန်ရှိ အေးသာယာ စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်၏ Machine Shopစက်ရုံသို့ သွားရောက်၍ စက်ရုံထုတ် စက်အရန်ပစ္စည်းများ တစ်နာရီလျှင် ၁၀တန်ကျ ခြစ်စည်းရိုးကြက်ဆူစေ့ခြွေစက်တို့ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးသန်းရွှေနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

စာမျက်နှာ ၅ ကော်လံ ၂ *

တောင်ကြီး အေးသာယာစက်မှုဇုန်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တောင်ကြီး အေးသာယာစက်မှုဇုန်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိုးလေဝသအခြေအနေ

၂၅-၂-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့်သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့်သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့်သာယာမည်။

မြန်မာ့အလင်း

သတင်းဆောင်းပါးနှင့် အင်တာနက် ကျန်းမာရေး အညွှန်း

ပုဂ္ဂလိကပိုင်းဆိုင်ရာ စီးပွားရေးအခန်းကဏ္ဍတွင် လုပ်ငန်းရှင်များသည် လုပ်ငန်းအမျိုးမျိုး လုပ်ကိုင်လျက်ရှိကြရာ ရောဝတီတိုင်း ပုသိမ်မြို့မှ ရွှေမြင်းပျံ ဟာလဝါ လုပ်ငန်းသည်လည်း ပြည်တွင်း ပုဂ္ဂလိကလုပ်ငန်း ကဏ္ဍတွင် စက်မှုလက်မှု ပေါင်းစပ်သော အိမ်တွင်းစီးပွားရေး လုပ်ငန်းတစ်ခုအနေဖြင့် ပါဝင်လျက်ရှိ။

ဧရာဝတီတိုင်း ပုသိမ်မြို့မှ ရွှေမြင်းပျံ ဟာလဝါလုပ်ငန်း (စာ-၁၂)

ကိုကင်းကဲ့သို့သော မူးယစ်ဆေး သုံးစွဲခြင်းကြောင့် ဦးနှောက်တွင် ပြောင်းလဲမှု ဖြစ်သည့်နည်းတူ စီးကရက်သောက်ခြင်းဖြင့် ဦးနှောက်တွင် အလားတူ ပြောင်းလဲမှုရှိကြောင်း သုတေသီများက တွေ့ရှိထား။

အင်တာနက်ကျန်းမာရေး (စာ-၄)